# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၃)၊ အမှတ်(၃၅၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်ကုန်းတပ်နယ်အတွင်းရှိ အထက်တန်းကျောင်း၌ တပ်မတော်သားများ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြီးရေလျှံမှုသဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များအား သွားရောက်ကြည့်ရှုစစ်ဆေး လိုအပ်သည်များမှာကြား၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရေကြီးရေလျှံမှုသဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❋



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၁၁ ရက်သာ လိုတော့သည်။




# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*※ ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ၍ မမျှော်မှန်းနိုင်သော ရုတ်တရက်ဖြစ်ပေါ်လာသည့် သဘာဝဘေးဒဏ်ကို ကြုံတွေ့ခဲ့ရသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ အခက်အခဲများအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများဖြစ်ပေါ်မည်ဟု ကြိုတင်သတိပေးချက်များရှိခဲ့သော်လည်း ယခုအတိုင်းအတာအထိ မိုးသည်းထန်စွာ ရွာသွန်းမည်ဟု မှန်းဆမှုမရှိခဲ့ကြကြောင်း၊ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် တောင်ပြို၊ မြေပြို မှုများဖြစ်ပေါ်ခဲ့သကဲ့သို့ တရားဝင်ခွင့်ပြုပေးထားသည့် သစ်ကွင်းများမှ သယ်ယူနိုင်ခြင်းမရှိသေးသည့် သစ်လုံးကြီးများ၊ သစ်လုံးကြီးများ ထုတ်ယူရာတွင် ဖြတ်တောက်ထားသည့် ဖြတ်စများသည်လည်း တောင်ကျရေစီးကြောင်းများနှင့်အတူ မျောပါတိုက်စားခဲ့သောကြောင့် ထိခိုက်ပျက်စီးမှုများ ပိုမိုများပြားခဲ့ရခြင်းဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် လိုအပ်သည့် ထောက်ပံ့မှုများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

### ဦးစွာဆောင်ရွက်ပေးသွားရန်လို

တာဝန်ရှိသူများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုများနှင့် ပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည့် လမ်းကြောင်းများရှင်းလင်းခြင်းကို ဦးစွာ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သွားလာရေးကိစ္စပြီးပါက ဒုတိယဦးစားပေးအနေဖြင့် ရေ၊ မီးများရရှိရေးကို ဆောင်ရွက်ပေးသွားရန်လိုပြီး ထိုမှတစ်ဆင့် အခြားပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိသားစုဝင်များ၏ နေရေး၊ စားရေး အဆင်ပြေစေရေးအတွက်လည်း စီမံပေးရမည်ဖြစ်ပြီး အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာချိန်တွင် ရေလမ်းကြောင်းနှင့် မလွတ်ကင်းနိုင်သည့် အဆောက်အဦများကို စနစ်တကျ သုတေသနပြုလုပ်၍ ရွှေ့ပြောင်းဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

### အဝတ်အထည်များ ထောက်ပံ့ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် စစ်သည်၊ မိသားစုများ၏ ရေကြီးရေလျှံမှု ကြုံတွေ့ခဲ့ရမှုများ၊ အခက်အခဲများကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ရာ စစ်သည်၊ မိသားစုများက လက်ခံရယူကြသည်။ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ်ဌာနချုပ်ဆေးခန်း၌ ဆေးကုသမှုခံယူလျက်ရှိသည့် စစ်သည်များအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။





တောင်ကျချောင်းရေဝင်ရောက်မှုကြောင့် တပ်ကုန်းတပ်နယ်အတွင်းရှိ အထက်တန်းကျောင်းနှင့် အဆောက်အအုံများ ပျက်စီးခဲ့မှုကို တွေ့ရစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ကျချောင်းရေများ အလုံးအရင်းဖြင့် စီးဆင်းခဲ့မှုကြောင့် ကျိုးကျပျက်စီးခဲ့သည့် မုန်ချောင်းကူးကွန်ကရစ်တံတား ပျက်စီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

- **တာဝန်ရှိသူများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုများနှင့် ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည့် လမ်းကြောင်းများရှင်းလင်းခြင်းကို ဦးစွာဆောင်ရွက်ပေး**
- **သွားလာရေးကိစ္စပြီးပါက ဒုတိယဦးစားပေးအနေဖြင့် ရေ၊ မီးများရရှိရေးကို ဆောင်ရွက်ပေးသွားရန်လိုပြီး ထို့မှတစ်ဆင့် အခြားပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်၊ မိသားစုဝင်များ၏ နေရေး၊ စားရေးအဆင်ပြေစေရေးအတွက်လည်း စီမံပေးရမည်ဖြစ်ပြီး အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လို**
- **ယခုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာချိန်တွင် ရေလမ်းကြောင်းနှင့် မလွတ်ကင်းနိုင်သည့် အဆောက်အဦများကို စနစ်တကျ သုတေသနပြုလုပ်၍ ရွှေ့ပြောင်းဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြား**

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နယ်မြေခံတပ်ဌာနချုပ်ဆေးခန်း၌ ဆေးကုသမှုခံယူလျက်ရှိသည့် စစ်သည်များအား သွားရောက်ကြည့်ရှု၍ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တောင်ကျချောင်းရေများ အလုံးအရင်းဖြင့် စီးဆင်းခဲ့မှုကြောင့် ကျိုးကျပျက်စီးခဲ့သည့် မုန်ချောင်းကူးကွန်ကရစ်တံတား ပျက်စီးမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေစီးကြောင်းနှင့်အတူ သစ်ပင်သစ်လုံးကြီးများ၊ ကျောက်တုံးများ မျောပါခဲ့ပြီး အရှိန်အဟုန်ဖြင့် ရိုက်ခတ်ခဲ့မှုကြောင့် တံတားပျက်စီးခဲ့မှုများကို တင်ပြကြသည်။ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ မှာကြားကာ ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ဌာနချုပ်၊ အိမ်ထောင်သည်လိုင်းခန်းများအတွင်း တောင်ကျချောင်းရေဝင်ရောက်ခဲ့မှုကြောင့် ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရေများပြန်လည်ကျဆင်းသွားသည့် အချိန်တွင် နုန်းတင်ကျန်ခဲ့သည့် အထက်တန်းကျောင်း၌ နုန်းများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းတာဝန်ခံ ဆရာ၊ ဆရာမများက ရေကြီး ရေလျှံမှုဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းပြန်လည်ဖွင့်လှစ် သင်ကြားပေးနိုင်ရေးအတွက် လိုအပ်သည်များကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

**လိုအပ်သည်များ လမ်းညွှန်မှာကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် လမ်း၊ တံတားနှင့် အဆောက်အဦများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ရှိ ရေဘေးကယ်ဆယ်ရေး စခန်းများသို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ဦးဆောင်၍ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (နေပြည်တော်) နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး) တို့ ပူးပေါင်းမှုဖြင့် နေပြည်တော်ရှိရေဘေးကယ်ဆယ်ရေးစခန်းများသို့ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

**ပေးအပ်လှူဒါန်း**

နေပြည်တော်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရာတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးကယ်ဆယ်ရေးစခန်း၊ သုခစိုးဓမ္မာရုံ ရေဘေးကယ်ဆယ်ရေးစခန်း၊ အုန်းတောဘုန်းကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း၊ လယ်တီဓမ္မာရုံ ရေဘေးကယ်ဆယ်ရေးစခန်းနှင့် ဘိုးမင်းခေါင်နတ်နန်း ရေဘေးကယ်ဆယ်ရေးစခန်းတို့သို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)၊ ဦးသောမတ်စ်(ခရစ်ယာန်ဘာသာ)၊ ဗဟိုအထောက်အကူပြုအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌဒေါ်ခင်မြသွေး၊ ဘဏ္ဍာရေးမှူး ဦးလှကြူနှင့်ဗဟိုအလုပ်အမှုဆောင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)မှ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဝင်းမြင့် (ဗုဒ္ဓဘာသာ)၊ ဦးခင်မောင်မောင်ဇော် (အစ္စလာမ်ဘာသာ)၊ တိုင်းအတွင်းရေးမှူး ဦးရွှေမောင် (အစ္စလာမ်ဘာသာ) နှင့် တိုင်းအလုပ်အမှုဆောင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့ (နေပြည်တော်)မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာမင်းမင်းကျော်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမော်၊ အတွင်းရေးမှူး ဒေါ်ဝတ်မှုံနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မရမ်းကုန်းခရိုင်ဥက္ကဋ္ဌ ဦးမျိုးဇေယျာနှင့် စေတနာရှင်အလှူရှင်များ၊ ပရဟိတအဖွဲ့များက ပေးအပ်လှူဒါန်းရာ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။



နေပြည်တော်ရှိ ရေဘေးသင့်ပြည်သူများအပြင် ကျောက်ဆည်နှင့် တောင်ငူဒေသရှိ ရေဘေးသင့်ပြည်သူများသို့လည်း ကူညီထောက်ပံ့ခဲ့ပြီး ငွေကျပ်သိန်း ၁၅၀ အပါအဝင် အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများ စုစုပေါင်းတန်ဖိုး ကျပ်သိန်းပေါင်း ၁၁၀၀ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေး၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များတွင် ယခုတစ်ကြိမ် တွေ့ကြုံရမှုသည် အကြီးမားဆုံး ဖြစ်ကြောင်း၊ မိမိ ပုဂံ-ညောင်ဦးခရီးစဉ်မှအပြန်တွင် ရဟတ်ယာဉ်ဖြင့် ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ကြည့်ရှုခဲ့ရာ တောင်ကျချောင်းရေများကြောင့် သစ်ပင်နှင့် သစ်တုံးကြီးများ ရေနှင့်အတူ မျောပါလာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ယနေ့နံနက်ပိုင်းတွင်လည်း တပ်ကုန်းမြို့အနီးတစ်ဝိုက်သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများမှာ အလုံးအရင်းလိုက်ဖြင့် စီးဆင်းခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း။

မိမိအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှုအပေါ် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍မရသော်လည်း ကြိုတင်ကာကွယ်မှုကိစ္စရပ်များကို လုပ်ဆောင်နိုင်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများ ပြန်ရောက်စေရန်နှင့် ပိုမိုကောင်းမွန်စေရန် မိမိတို့အားလုံး၏ လုံ့လ၊ ဝီရိယများဖြင့်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကျနေ၍မရဘဲ မူလအခြေအနေပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ ဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပျက်စီးဆုံးရှုံးခဲ့သည့် ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်နိုင်ရေး လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်စေရန်အတွက် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချိန်ကာလအားဖြင့် အများဆုံး ခြောက်လတာကာလအတွင်း မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ရန် ပြောကြားထားပြီးဖြစ်ကြောင်း။

**နိုင်ငံတော်မှတတ်နိုင်သမျှပံ့ပိုးပေးသွားမည်**

အလားတူ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း အထူးသဖြင့် စပါးစိုက်ခင်း၊ ပဲစိုက်ခင်း၊ နှမ်းစိုက်ခင်းများနှင့် အခြားသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ကြောင်း၊ စပါးစိုက်ပျိုးသူ တောင်သူများအနေဖြင့် ရေပြန်ကျချိန်တွင် စပါးတစ်သီးပြန်လည်စိုက်ပျိုးရန်အတွက် ခက်ခဲသွားကြောင်း၊ မည်သို့ပင်ဖြစ်စေ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ တတ်နိုင်သမျှ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ နွေသီးနှံများကို အပြည့်ပြန်လည်စိုက်ပျိုးပြီး မိုးရာသီတွင်ပျက်စီးသွားသည့် သီးနှံများကို ဖြည့်စွက်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း မိုးရွာသွန်းမှုများပြားသဖြင့် ဆည်/တာတမံများအတွင်း ရေများပြည့်ဝစွာ ဝင်ရောက်လျက်ရှိသောကြောင့် လာမည့်နွေရာသီအတွက် စိုက်ပျိုးရေကို အပြည့်အဝရရှိစေမည်ဖြစ်ကြောင်း။

မွေးမြူရေးများနှင့်ပတ်သက်၍လည်း မွေးမြူထားသည့် တိရစ္ဆာန်များ သေဆုံးခဲ့မှုများရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက်လည်း အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင်လည်း စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် အကျိုးကျေးဇူးများကို ပိုမိုရရှိခံစားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

- **သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍မရသော်လည်း ကြိုတင်ကာကွယ်မှု ကိစ္စရပ်များကို လုပ်ဆောင်နိုင်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများ ပြန်ရောက်စေရန်နှင့် ပိုမိုကောင်းမွန်စေရန် မိမိတို့အားလုံး၏ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်၊ စိတ်ဓာတ်ကျနေ၍မရဘဲ မူလအခြေအနေ ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်၊ ပျက်စီးဆုံးရှုံးခဲ့သည့် နေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ ဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

# "ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို အမြန်ဆုံးစာရင်းကောက်ယူ၍ အချက်အလက်များ ပြုစုဆောင်ရွက်သွားရန်လို"

*စာမျက်နှာ ၅ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် "သဘာဝဘေးအန္တရာယ်ဆိုတာက ရှောင်ရှားလို့ မရဘူးပေါ့ဗျာ၊ တကယ်တော့ စိတ်မကောင်းဘူးပေါ့လေ၊ နိုင်ငံတော်ရဲ့ ဆုံးရှုံးမှုဆိုတဲ့ဟာထဲမှာလည်း ခင်ဗျားတို့ရဲ့ပိုင်ဆိုင်မှုများပါသလို၊ နိုင်ငံတော်က တည်ဆောက်ထားတဲ့ လမ်းတို့၊ တံတားတို့ အဆောက်အဦတွေ၊ စက်ရုံ အလုပ်ရုံတွေ၊ လျှပ်စစ်ဓာတ်ပေးဝေရေးလုပ်ငန်းတွေ၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဒါတွေလည်း နိုင်ငံတော်ရဲ့ ဆုံးရှုံးသွားတာပဲ၊ ခင်ဗျားတို့လည်း ခင်ဗျားတို့ ပိုင်ဆိုင်မှုတွေ ဆုံးရှုံးသွားတာပဲ၊ ခုနက ကျွန်တော် မေးတယ်၊ ဘာတွေရခဲ့လဲဆိုတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုတည်းလို့ ဖြေတဲ့သူလည်းပါတယ်၊ တချို့လည်းရတဲ့ဟာတွေကောက်ဆွဲလာရတာတွေပါတယ်၊ တချို့လည်း နောက်ဆုံးတော့ သွားနေကျ ဈေးခြင်းလေးပါလာတယ်၊ ဘာပစ္စည်းမှမပါဘူး၊ လူက အဲ့အချိန်မှာ ထူပူနေကြပြီကိုး၊ ဆွဲမိဆွဲရာဆွဲလာတာပေါ့၊ တော်သေးတယ်၊ ကလေးတွေ ပါလာလို့၊ ကျွန်တော်တို့ ဟိုဘက်မှာဆို ကလေးတွေပါသွားတာ ရှိပါတယ်၊ စိတ်လည်းမကောင်းပါဘူး၊ အတတ်နိုင်ဆုံး ခင်ဗျားတို့ မူလအခြေအနေအတိုင်းဖြစ်အောင်တော့ ကျွန်တော်တို့ ကူညီပေးပါမယ်၊ သေဆုံးမှုအတွက်လည်း လူမှုဝန်ထမ်းဝန်ကြီးဌာနကနေပြီးတော့ လျော်ကြေးတွေပေးတယ်၊ နောက်ဒဏ်ရာရတဲ့သူတွေကိုလည်း နောက်တစ်ခါ ဆေးကုသမှုအတွက် ထောက်ပံ့ကြေးတွေပေးသလို၊ ပျက်စီးသွားတဲ့ အဆောက်အဦတွေအတွက်လည်း အခုကျွန်တော်တို့ တွက်နေပါတယ်၊ လုံးဝပျက်သွားတဲ့အိမ်တွေဆိုရင် ဘယ်လိုပေးမလဲ၊ တစ်စိတ်တစ်ပိုင်းပျက်သွားတဲ့ အိမ်တွေဆိုရင် ဘယ်လိုပေးမလဲ၊ လုံးဝပျက်သွားတဲ့ အိမ်မှာမှ တဲဆိုရင်ဘယ်လောက်ပေးမလဲ၊ ရိုးရိုးအိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ တစ်ထပ်အိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ နှစ်ထပ်အိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ တတ်နိုင်သလောက် ကျွန်တော်တို့ပေးပါမယ်၊ ဖြစ်နိုင်သလောက် ဒေသနဲ့ကိုက်ညီတဲ့ ဟာမျိုးတော့ ကျွန်တော်တို့စဉ်းစားပါတယ်၊ နောက် ကျောင်းနဲ့ပတ်သက်တာပေါ့၊ ဒီလကုန်အထိ ကျောင်းတွေဖွင့်ဖို့ ကြိုးစားနေပါတယ်၊ အကြောင်းကြောင်းကြောင့် ကျောင်းတွေပိတ်ရတယ်ဆိုရင်လည်း စနေ၊ တနင်္ဂနွေမှာ အစားထိုးပြန်တက်ဖို့၊ သီတင်းကျွတ်ပြီးသွားရင်တော့ စနေ၊ တနင်္ဂနွေဖြစ်မှာပေါ့၊ ဝါမကျွတ်ခင်ကတော့ တနင်္ဂနွေပိတ်ရက်ရှိတယ်၊ ဒီတနင်္ဂနွေပိတ်ရက်ကိုတော့ ကလေးတွေ ကျောင်းတက်ကောင်း တက်ရလိမ့်မယ်၊ သို့သော် စာမေးပွဲဖြေရမယ့်အချိန်မှာ သူသင်ပြီးတဲ့ဘာသာရပ်အတိုင်းပဲ ကျွန်တော်တို့ စာမေးပွဲစစ်ပေးပါမယ်၊ ကျန်တဲ့အချိန်တွေမှာတော့ ကျောင်းတော့ပြန်တက်ရမယ်လို့ သဘာဝဘေးအန္တရာယ်ကြောင့် ပိတ်ထားရတဲ့ကျောင်းတွေကို ဒီလို စီစဉ်ထားပါတယ်၊ ဒါကြောင့် ခင်ဗျားတို့ကျောင်းတွေလည်း ကလေးတွေ ပြန်လွှတ်ပေးဖို့ ပြောလိုပါတယ်၊ ပြန်လွှတ်ပေးပါ၊ စာတတ်လို့ရှိရင်၊ ပညာတတ်လို့ရှိရင် နောင်တစ်ချိန်အတွက်၊ သူတို့ဘဝအတွက် အများကြီးအထောက်အကူရတယ်၊ မဟုတ်ဘူးဆိုရင်တော့ တစ်ချိန်မှာ အခက်အခဲဖြစ်လာနိုင်တယ်၊ ခင်ဗျားတို့၊ ကျွန်တော်တို့ လူကြီးတွေကတော့ ပညာသင်ကြားလို့မရတော့ဘူး၊ ခင်ဗျားတို့ ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့ လမ်းကြောင်းအတိုင်းပဲ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ရှိတယ်၊ နောင်ကျလို့ရှိရင် ကျွန်တော်တို့ ကလေးတွေက ကျွန်တော်တို့ထက်သာအောင် လုပ်ပေးရမယ်၊ ကျွန်တော်တို့ခေတ်ထက် သာအောင် လုပ်ပေးရမယ်၊ ဒါတကယ် မိဘပီသပါတယ်။"

**အားပေးစကားပြောကြား**

ယင်းနောက် ရေဘေးသင့်ပြည်သူများအား သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံကျော်လွှား၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားရာတွင် "လက်ရှိအချိန်အခြေအနေမှာတော့ ဒုက္ခသုက္ခရောက်နေတာကိုတော့ ကိုယ်ချင်းစာပါတယ်၊ စိတ်လည်းမကောင်းပါဘူး၊ ကျွန်တော်တို့ တတ်နိုင်သလောက် နိုင်ငံတော်ပိုင်းကလည်း လုပ်ပေးပါမယ်၊ ကျွန်တော်တို့နိုင်ငံတင် မဟုတ်ပါဘူး၊ ကျွန်တော်တို့ အာရှတင်ပဲလားဆိုတော့ မဟုတ်ဘူး၊ ဟိုဥရောပနိုင်ငံတွေလည်း ရေကြီးနေကြတာပဲ၊ သဘာဝကြီးကဖြစ်လာတာ ဖြစ်ပါတယ်၊ သဘာဝဘေးအန္တရာယ် တစ်ကမ္ဘာလုံးမှာဖြစ်နေကြတာဖြစ်တော့ ဒီအပေါ်မှာ ကျွန်တော်တို့က ကြံ့ကြံ့ခံပြီးတော့မှ လူထုရဲ့ကြံ့စည်မှုနဲ့၊ လုံ့လ၊ ဝီရိယနဲ့ အားထုတ်သွားမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ကျော်လွှားလို့ရမယ်ဆိုတာလေး ပြောချင်ပါတယ်၊ ဒီအတွက် မလျှော့တဲ့ ဇွဲလုံ့လနဲ့ ဆက်ပြီးလုပ်သွားကြဖို့လည်း အားမွေးသွားကြဖို့လည်း ပြောလိုပါတယ်၊ ဒီမှာ အားမွေးသွားကြပါ၊ ပြန်ရောက်လို့ရှိရင်လည်း ထိုက်သင့်တဲ့ နေဖို့ ထိုင်ဖို့ စားဖို့ သောက်ဖို့ ကျွန်တော်တို့ ထောက်ပံ့ပေးပါမယ်၊ ကျွန်တော် ပြီးပြီးရော မလွှတ်ပါဘူး၊ အကုန်လုံး စီစဉ်ပေးပါမယ်။"

**ထောက်ပံ့ငွေပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးတို့က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို အသီးသီးထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများ၏ အခက်အခဲများကို မေးမြန်းရာ ရေဘေးသင့်ပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ယခုကဲ့သို့ မိမိတို့ ရေဘေးသင့်ပြည်သူများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လာရောက်ထောက်ပံ့ပေးအပ်ပြီး အားပေးစကားပြောကြားသည့်အတွက် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ရပါကြောင်း၊ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ကြားသိရသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယခုရေဘေးရှောင်ကယ်ဆယ်ရေးစခန်း၌လည်း နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးကိစ္စများကို တာဝန်ရှိသူများ၏ စီစဉ်ပေးမှုကြောင့် အားလုံးအဆင်ပြေချောမွေ့မှုရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်လှစ်၍ ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

**အမြန်ဆုံးစာရင်းကောက်ယူ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို အမြန်ဆုံးစာရင်းကောက်ယူ၍ အချက်အလက်များ ပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ အိုးအိမ်များ ပျက်စီးမှုတွင် လုံးဝပြိုကျပျက်စီးဆုံးရှုံးခြင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးဆုံးရှုံးခြင်း၊ တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ တဲအိမ် စသည်ဖြင့်ထိခိုက်ပျက်စီးမှုများအလိုက် ဆုံးရှုံးမှုတန်ဖိုးများကို အပိုင်းလိုက်သတ်မှတ်ကာ ပျက်စီးမှုရာခိုင်နှုန်းအလိုက် ထောက်ပံ့မှုများ ပမာဏသတ်မှတ်ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ထိုနည်းတူ သေဆုံးခဲ့ရသူများအတွက်လည်း နိုင်ငံတော်အနေဖြင့် ငွေကြေးထောက်ပံ့ပေးခြင်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ ဝန်ကြီးဌာနအလိုက် ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ထိခိုက်မှုအနည်းအများအလိုက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် စာရင်းကောက်ယူခြင်းများ၊ ငွေကြေးတွက်ချက်ခြင်းလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ထိခိုက်ခဲ့ရသူများကို အမြန်ဆုံး ထောက်ပံ့ပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**လာရောက်လှူဒါန်းမှုများကိုစိစစ်**

ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများမှလည်း မိမိတို့တတ်နိုင်သည့်ဘက်မှ ကူညီပေးခြင်းများ၊ အစားအသောက်ထောက်ပံ့ပေးအပ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်း ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ သို့သော်လည်း ရေဘေးသင့်ပြည်သူများအနေဖြင့် သွားလာမှုအနီးအဝေးအပေါ်မူတည်၍ ထောက်ပံ့ရေးပစ္စည်းများ ညီတူညီမျှရရှိမှုမရှိခြင်း၊ အစားအသောက်များ ထောက်ပံ့ရာတွင် အလှူရှင်များ များပြားကွဲပြားသည့်အတွက် တွဲဖက်၍ စားသုံးရန်မသင့်သည်များကို တွဲဖက်စားသုံးမိခြင်း၊ သယ်ယူပို့ဆောင်ရာတွင် သန့်ရှင်းမှုအားနည်းခြင်းတို့ကြောင့် အစာအဆိပ်သင့်မှုတို့သည်လည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများအလိုက် လာရောက်လှူဒါန်းမှုများကို စိစစ်ဆောင်ရွက်သွားရန်လိုပြီး ကြီးကြပ်ရေးအဖွဲ့များဖွဲ့၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသွားမည်ဆိုပါက မလိုလားအပ်ဘဲ ထိခိုက်မှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် စေတနာရှင်အလှူရှင်များကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းအတွင်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မော်တော်ယာဉ်မတော်တဆမှုဖြစ်စဉ်ကယ်ဆယ်ရေးသင်တန်း (Road Traffic Accident– Vehicle Extrication) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ မော်တော်ယာဉ် မတော်တဆမှုဖြစ်စဉ် ကယ်ဆယ်ရေးသင်တန်း (Road Traffic Accident–Vehicle Extrication) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံတစ်ဝန်း၌ ဖြစ်ပွားကြုံတွေ့ရလေ့ရှိသည့် မော်တော်ယာဉ် တိမ်းမှောက်ထိခိုက်မှု ပုံစံတစ်ခုချင်းစီအလိုက် ဖြစ်စဉ်ဖွင့်၍ အသင်းလိုက်ကယ်ဆယ်ခြင်း စွမ်းရည်ပြိုင်ပွဲများ ကျင်းပပြုလုပ်ရာ သင်တန်းသားများအဖွဲ့လိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရအသင်းနှင့် သင်တန်းသားတပ်ဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆုများချီးမြှင့်ပေးအပ်သည်။



အဆိုပါသင်တန်းကို ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇမ္ဗူသီရိမြို့နယ်မီးသတ်စခန်း၌ စက်တင်ဘာ ၂ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အထူး ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ တပ်ဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များနှင့် ရန်ကုန်-မန္တလေး အမြန်လမ်း နယ်မြေမီးသတ် စခန်းများမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား ၅၂ ဦး တက်ရောက်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်း ဖွင့်လှစ်ခဲ့ခြင်းကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာကာ မော်တော်ယာဉ် မတော်တဆမှု ဖြစ်စဉ်များတွင် အချိန်နှင့်တစ်ပြေးညီ ပိုမိုထိရောက် လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး မော်တော်ယာဉ် မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား ဆေးရုံ/ ဆေးခန်းများသို့ အချိန်မီ ပို့ဆောင်နိုင်မည်ဖြစ်ကာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဘေးသင့်ဒေသများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS - Satpura (F - 48) ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များမှ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အသုံးပြုနိုင်ရန် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသော အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS – Satpura (F – 48) သည် ယမန်နေ့မွန်းလွဲပိုင်းက မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ) MITT သို့ ရောက်ရှိရာ တပ်မတော် (ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးနှင့် သီလဝါဆိပ်ကမ်းတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါ ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ပွဲကို သီလဝါဆိပ်ကမ်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay




Thakur က ကူညီထောက်ပံ့ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းထံ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို လှည့်လည်ကြည့်ရှုကြသည်။

ကူညီကယ်ဆယ်ရေးပစ္စည်းနှင့် စားသောက်ဖွယ်ရာများမှာ ပုံးတစ်ပုံးလျှင် လူ ၁၀၀ စာ ခုနစ်ရက် ထောက်ပံ့ပေးနိုင်သည့် ပမာဏပါဝင်သော (ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ ပဲ၊ စည်သွပ်ဘူး) စသည့် အစားအစာများ ပါဝင်သည့်ပုံး ၂၄ ပုံး၊ အဝတ်အစားများ ပါဝင်သည့် ပုံး ၁၁ ပုံး၊ ဆေးဝါးများပါဝင်သည့် ပုံး ခြောက်ပုံး၊ တာပေါ်လင်၊ ယာယီတဲ၊ ခတ်မီး၊ ဆပ်ပြာ၊ ခတ်ဆီ စသည့်အရေးပေါ်သုံးပစ္စည်းများ ပါဝင်သည့် ပုံး ၁၆ ပုံး စုစုပေါင်း ၅၇ ပုံး ပါရှိကြောင်းနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများထံသို့ အမြန်ဆုံးရောက်ရှိစေရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

○ *ကျောက်ဖြူမှ*

အဆိုပါ ဖြတ်ကျော်လာနိုင်သည့် လေပွေလှိုင်း၏ အရှိန်ကြောင့် စက်တင်ဘာ ၂၁ ရက်မှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်းများ၊ နေရာကွက်၍ မိုးကြီးခြင်းများ၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

ယခုအချိန်တွင် အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ခြင်း မရှိသေးပါသဖြင့် ခန့်မှန်းချက်များအားလုံးသည် တိုင်းထွာသည့်အချိန်၊ အသုံးပြုသည့် Data နှင့် ခန့်မှန်းတွက်ချက်သည့် မော်ဒယ်လ်တို့အပေါ်မူတည်၍ မုန်တိုင်း ရွေ့လျားမည့်လမ်းကြောင်း အမျိုးမျိုး ပြောင်းလဲနေပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ တွက်ချက်ရရှိသည့် ခန့်မှန်းချက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့်မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# မြို့သစ်မြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**မြို့သစ် စက်တင်ဘာ ၁၈**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကို မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ရတနာခန်းမ) ၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

ဖွင့်ပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအနေဖြင့် သင်တန်းမှ ဆွေးနွေးပို့ချချက်များကို မိမိတို့၏ အတွေ့အကြုံများနှင့် ပေါင်းစပ်၍ မြေပြင်အခြေအနေများနှင့် ကိုက်ညီမှုရှိအောင် အပြန်အလှန်ဆွေးနွေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို နည်းပြဆရာ ဆရာမ ခြောက်ဦးဖြင့် သင်ကြားပို့ချသွားမည် ဖြစ်ရာ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၀၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၁၀ ရက် သင်ကြား ဆွေးနွေးပေးသွားမည် ဖြစ်သည်။ **ကိုဇော်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်နှင့် အထင်ကရနေရာများ ကြည့်ရှုလေ့လာပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် စက်တင်ဘာ ၁၈**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အဖွဲ့သည် BRICS Media Summit သို့ တက်ရောက်ရန် မော်စကိုမြို့၌ ရောက်ရှိနေကြသည့် မီဒီယာဆိုင်ရာကိုယ်စားလှယ်များနှင့်အတူ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အထင်ကရနေရာများဖြစ်သော ကရင်မလင် နန်းတော်**(ယာပုံ)** နှင့် ရှေးဟောင်းပြတိုက်များ၊ အညတရသူရဲကောင်းတစ်ဦး၏ ဂူဗိမာန်၊ ရင်ပြင်နီ၊ ဗာစီလီး ဘလာရမ်း နီရီဘုရားကျောင်း၊ ဘာသာရေးဆိုင်ရာ အဓိကဘုရားကျောင်းနေရာများသို့ သွားရောက်ပြီး ကြည့်ရှုလေ့လာကြသည်။

**အကြီးဆုံးမြို့များထဲမှ တစ်မြို့**

မော်စကိုမြို့သည် Moskva မြစ်ပေါ်တွင် တည်ရှိပြီး လူဦးရေ ၁၃ သန်း ကျော်နေထိုင်ကြောင်း သိရသည်။ မော်စကိုမြို့သည် ကမ္ဘာပေါ်ရှိ အကြီးဆုံးမြို့များထဲမှ တစ်မြို့ဖြစ်ပြီး မြို့အမည်မှာ Moskva မြစ်မှ ဆင်းသက်လာခြင်းဖြစ်သည်။

၁၁၅၆ ခုနှစ်တွင် ရုရှားမင်းသားကြီး ယူရီးရီ ဒေါ်လဂါရုကီးရီက ပထမဆုံး ခံတပ်ကို ဘာရောဗြီ စကီးရီ(မှို) တောင်ကုန်းပေါ်၌ တည်ဆောက်ခဲ့ပြီး ၁၆ ရာစုနှစ်များတွင် ထိုခံတပ်သည် ကရင်မလင် (နန်းတော်) အဖြစ် ပြောင်းလဲလာခဲ့ကြောင်းသိရသည်။ မင်းသားကြီးယူရီးရီ ဒေါ်လဂါရုကီးရီက မော်စကိုမြို့ကို တည်ဆောက်ခဲ့သည်ဟု အသိအမှတ်ပြုကြပြီး ရင်ပြင်နီမှာ ၁၅ ရာစုတွင် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က တော့ရဂ် (စျေး) ဟု ခေါ်ခဲ့ရာမှ ဖြည်းဖြည်းချင်း တော့ရဂ်သည် မြို့တော်၏ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာကိစ္စများအတွက် အချက်အချာနေရာ ဖြစ်လာခဲ့သည်။ သတင်းများသိရှိနိုင်ရန်၊ ရှင်ဘုရင်၏ အမိန့်များကို ကြားသိနိုင်ရန်အတွက် လူများက ထိုနေရာသို့ သွားခဲ့ကြခြင်းဖြစ်သည်။ ၎င်းနေရာ၌ ရောင်းဝယ်ဖောက်ကားမှုများက အမြဲတမ်းဖြစ်နေခဲ့သည်။ ဗာစီလီးဘလာရမ်းနီရီ ဘုရားရှိခိုးကျောင်းသည် ရင်ပြင်နီကို အဓိကအလှဆင်ထားသည်။ ထိုဘုရားကျောင်းကို ၁၅၆၁ ခုနှစ်က တည်ဆောက်ခဲ့ကြောင်း သိရသည်။ ၁၈၁၂ ခုနှစ်တွင် နပိုလီယံ၏ တပ်များကို အောင်နိုင်သည့် အထိမ်းအမှတ်အဖြစ် အများပြည်သူတို့၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့သော ခရစ်စထိစပါစီးကျေးလ် (ကယ်တင်ရှင်ခရစ်တော်) ဘုရားရှိခိုးကျောင်းမှာလည်း စိတ်ဝင်စားစရာ သမိုင်းကြောင်းရှိသည်။ ၁၈၃၇ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၈၈၃ ခုနှစ်တွင် ပြီးစီးကာ ဘုရားကျောင်းကို အကောင်းဆုံးပန်းချီဆရာများ၊ ပန်းပုဆရာများ၏ လက်ရာများဖြင့် အလှဆင်ထားသည်။ ၁၉၉၅ ခုနှစ်တွင် ဘုရားကျောင်း ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို စတင်ခဲ့ပြီး ၁၉၉၉ ခုနှစ်ဒီဇင်ဘာလတွင် ဆေးခြယ်အလှဆင်မှုများ ပြီးစီးသည်။ ၂၀၀၀ ပြည့်နှစ် ဩဂုတ် ၁၉ ရက်တွင် ခရစ်စထိစပါစီးကျေးလ် ဘုရားရှိခိုးကျောင်းကြီးကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။




**ရှင်းလင်းဖြေကြား**

ပြည်ထောင်စုဝန်ကြီးသည် Centre for Public and Business Cooperation with the Republic of the Myanmar ၏ သတင်းမီဒီယာအဖွဲ့နှင့် တွေ့ဆုံပြီး ရုရှား - မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်အခြေအနေ၊ အာရှနိုင်ငံအချို့တွင် ကြုံတွေ့နေရသလို မြန်မာနိုင်ငံတွင်လည်း ရေဘေးအန္တရာယ်ကြုံတွေ့နေရမှု၊ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများက ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေမှု၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဖြေကြားသည်။

**လက်ရှိအခြေအနေမှန်ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိပြီး သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်နှင့် သံရုံး၊ စစ်သံရုံးဝန်ထမ်းများအား တွေ့ဆုံကာ **(အောက်ဝဲပုံ)** နိုင်ငံတော်၏ လက်ရှိအခြေအနေမှန်များ၊ သတင်းတုသတင်းမှားများအပေါ် ဆန်းစစ်ဝေဖန်ပိုင်းခြားနိုင်ရေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ ယနေ့ပညာရေး၊ ကျန်းမာရေး၊ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီး၊ စစ်သံမှူးနှင့် ဝန်ထမ်းများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တည်းခိုသည့် Plaza Garden ဟိုတယ်၌ ရုရှား Roscongress မှ အရှေ့တောင်အာရှဆိုင်ရာ အကြီးအကဲ Mr. Sergey Vladimirovich နှင့် အလွတ်သဘောတွေ့ဆုံ၍ ရုရှား - မြန်မာ မီဒီယာ ပူးပေါင်းဆောင်ရွက်မှုများ အမြန်ဆုံးအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် မော်စကိုမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **သတင်းစဉ်**

# ယာယီရေဘေးရှောင်စခန်းများမှ ပြည်သူများအား တိုင်းရင်းဆေးများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၈**
ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စုစုမွေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ ရက်က နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ယာယီရေဘေးရှောင်စခန်းများမှ ပြည်သူများအား တိုင်းရင်းဆေးဖြင့် ဆေးကုပေးခြင်း၊ ဆေးဝါးများ လှူဒါန်းခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ သရက်ခုံ (အရှေ့) ရွာ၊ သဲကောကြီးကျေးရွာ (ကွဲဖြူတောင်ကျောင်းတိုက်)၊ အေလာမြို့နယ်အတွင်းရှိ ရတနာပုံတောရကျောင်းတိုက်၊ ပျဉ်းမနားမြို့နယ်အတွင်းရှိအုန်းတောပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဗျူဟာ ဓမ္မဗိမာန်၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီ (တပေါင်းကွင်းကဇာတ်ရုံ)၊ မရှိခဏ ဘုန်းတော်ကြီးကျောင်း၊ တပ်ကုန်းမြို့ အထက (၂) ယာယီရေဘေးရှောင်စခန်းများတွင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် တိုင်းရင်းဆေးခန်းများသို့ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကြည့်ရှုစစ်ဆေးမှာကြားခြင်း၊ ယာယီရေဘေးရှောင်စခန်းမှ ပြည်သူများအား အားပေးစကားပြောကြားပြီး တိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်း၍ အဆိုပါတိုင်းရင်းဆေးခန်းများသို့ လာရောက်ကုသသည့် လူနာများအတွက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက လှူဒါန်းသည့် တိုင်းရင်းဆေးဝါးများကို ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **TM**



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး UNDP မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ကို လက်ခံတွေ့ဆုံ

# နေပြည်တော်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းက UNDP မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Titon Mitra ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNDP တို့ ပူးပေါင်း၍ "အသိုက်အဝန်းပြန်လည်ထူထောင်ရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတိုးမြှင့်ပေးရေးလုပ်ငန်းစီမံချက်" အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများအတွက် M & E စစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ နည်းပညာထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များ၊ ENCORE စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများ၊ Cash for Work လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထောက်ပံ့ဆောင်ရွက်ပေးခဲ့မှုများ၊ ဆိုလာရေရရှိရေးလုပ်ငန်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ၊ VDP စီမံကိန်းများနှင့် ရန်ပုံငွေရရှိခွဲဝေအသုံးပြုမှုဆိုင်ရာများ၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများနှင့် UNDP အဖွဲ့နှင့် အတူလက်တွဲဆောင်ရွက်သွားမည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မြို့ဦးဘုန်းတော်ကြီးကျောင်းသို့သွားရောက်ကာ ယာယီရေဘေးကာကွယ်ရေးစခန်းတွင်ရောက်ရှိနေသည့် ပျဉ်းမနားမြို့နယ် ကျွန်းဦး၊ ကွက်သစ်၊ ဆင်သေ၊ ဈေးကုန်း၊ ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးကာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ အပါအဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ရေဘေးသင့်ခဲ့သည့် ပျဉ်းမနားမြို့နယ်၊ ကျွန်းဦးကျေးရွာသို့သွားရောက်ကာ လူနေအိမ်များ ရေကြီးနစ်မြုပ်နေမှုအခြေအနေများ၊ ကျေးရွာချင်းဆက်လမ်းများ ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျေးရွာအတွင်း ဝင်ရောက်လျက်ရှိသောရေများ အမြန်ဆုံးလျော့ကျစေရေးအတွက် ရေထွက်ပေါက်များ အမြန်ဆုံးဆောင်ရွက်ပေးရန်နှင့် ရေကျသွားပါက လမ်းပန်းဆက်သွယ်ရေးများမပြတ်တောက်စေရေး၊ သွားလာမှုအဆင်ပြေစေရေးနှင့် သန့်ရှင်းသောသောက်သုံးရေများရရှိရေးတို့ကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန်နှင့် ရေရှည်ကောင်းမွန်ရေး ပြန်လည်ပြုပြင်ဆောင်ရွက်မည့်အစီအမံများ တင်ပြသွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုးအဆက်မပြတ် ရွာသွန်းပြီး ဆင်သေချောင်းရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့သည့် ဇေယျာသီရိမြို့နယ် ရွာသစ်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် စက်ရေတွင်းများ၊ လက်တူးတွင်းများကို တွင်းဆေးလေမှုတ်ဆောင်ရွက်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ကျေးရွာချင်းဆက်လမ်းများ၊ မိုးစပါးစိုက်ခင်းများ ရေတိုက်စားပျက်စီးမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာနေပြည်သူများ ရေကြောင့်ဖြစ်ပွားတတ်သောရောဂါများမဖြစ်ပွားစေရေး သောက်သုံးရေများ အမြန်ဆုံးရရှိရေးဆောင်ရွက်ပေးရန်နှင့် ရေတိုက်စားပျက်စီးသွားသောစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ်အတွင်းရှိရန်ကုန်-မန္တလေးလမ်းဟောင်းမှ ရွှေမြို့(အရှေ့) - ရွှေမြို့(အနောက်) ဆက်သွယ်ထားသော သစ်သားတံတား ရေတိုက်စားပျက်စီးသွားမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယခုရွှေမြို့(အရှေ့)- ရွှေမြို့(အနောက်) ဆက်သွယ်ထားသော ဆင်သေချောင်းကူးတံတားအပြင် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အခြားတံတားများကိုလည်း အများပြည်သူသွားလာရေးအဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေး ယာယီတံတားများကို အမြန်ဆုံးဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ရေကြီးရေလျှံမှုများ လျော့ပါးသွားချိန်တွင် ပျက်စီးသွားသောတံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင်လည်း ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝဘေးဒဏ်များခံနိုင်ရေးတို့အတွက် စနစ်တကျ ထည့်သွင်းတွက်ချက်ပြီး ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

**သွားရောက်ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်ရှိ ကျည်တောင်ကန် – ဇီးကုန်း – လေသာ ကျေးရွာချင်းဆက်လမ်း တစ်လျှောက် ကတ္တရာလမ်းနှင့် လမ်းပခုံးများ ချောင်းရေတိုက်စားပျက်စီးမှု အခြေအနေများနှင့် အဆိုပါကျေးရွာချင်းဆက်လမ်းပေါ်ရှိ အရှည်ပေ ၄၅၀၊ အကျယ် ၂၄ ပေရှိ ဆင်သေချောင်းကူးတံတားမှာ ဆင်သေချောင်းတစ်လျှောက် ရုတ်တရက်ရေကြီးရေလျှံမှုများကြောင့် တံတားကမ်းကပ်ခုံများ ပျက်စီးခြင်း၊ ချဉ်းကပ်လမ်းရေတိုက်စား၍ လမ်းတာပေါင်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေး ဘေလီတံတားထိုး၍ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေးရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ပြန်လည်ပြုပြင်ဆောင်ရွက်မည့်အစီအမံများ ပြန်လည်တင်ပြသွားရန် ဆွေးနွေးမှာကြားသည်။ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်–ဇီးကုန်း – လေသာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတားကို ဘေလီတံတားထိုးပြင်ဆင်ပြီးဖြစ်ပါသဖြင့် အများပြည်သူများ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရေဘေးသင့်ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)နှင့်

# အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့ နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ နည်းပညာတက္ကသိုလ်(တောင်ငူ)၊ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ငူ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ်(တောင်ငူ)သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများ၊ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။



**အားပေးစကားပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေဘေးဒဏ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (တောင်ငူ)သို့ ရောက်ရှိ၍ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍အားပေးစကားပြောကြားပြီး အသင့်စား အစားအသောက်များ၊ ဆေးဝါးများနှင့် သောက်ရေသန့်ဘူးများ ပေးအပ်သည်။ **(ဓာတ်ပုံ)**

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးတို့က မုန်တိုင်းအရှိန်ကြောင့် မိုးကြီးရေနစ်မြုပ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နှစ်ထပ် စာသင်ဆောင်များ၊ တစ်ထပ် စာသင်ဆောင်များ၊ စာကြည့်တိုက်များ၊ အားကစားရုံများ၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၏ အခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပြုပြင်ထူထောင်ရေး လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပြီး စာသင်ကြားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်ရန်နှင့် စာမေးပွဲအဆင်ပြေစွာ ကျင်းပနိုင်ရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ) သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများ၏ သုတေသနပရောဂျက်များကို ကြည့်ရှုအားပေးကာ အလုပ်ရုံများ၊ အားကစားကွင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်းမဆည်ကျေးရွာ ရေဘေးသင့်ပြည်သူများထံ စားရေရိက္ခာသွားရောက်လှူဒါန်း

**သာစည် စက်တင်ဘာ ၁၈** – သာစည်မြို့နယ်၌ ရေဝင်ရောက်သည့်ကျေးရွာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်နေသကဲ့သို့ ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များ၊ စေတနာရှင်ကုသိုလ်ရှင်များက စားရေရိက္ခာများ၊ အဝတ်အထည်များ သွားရောက်လှူဒါန်းပေးလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်က မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းမိသားစုများနှင့် သမဝါယမအသင်းများစုပေါင်းကာ မောင်းမဆည်ကျေးရွာ ရေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်းသည်။

ထိုသို့ သွားရောက်လှူဒါန်းရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီဝင်း ဦးဆောင်၍ ဝန်ထမ်းမိသားစုများနှင့် သမဝါယမအသင်းများစုပေါင်းကာ ဆန် ၂၄ ပြည်အိတ် ငါးအိတ်၊ ဆားပိသသာ ၃၀ နှင့် ရေသန့်ဘူးကြီး ၁၀၀ တို့ကို လှူဒါန်းကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် သဘာဝဘေးကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် သဘာဝဘေးကြောင့်ပျက်စီးခဲ့သော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားများကို ယာယီပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် အမြဲတမ်းပြုပြင်ခြင်းလုပ်ငန်းများအတွက် ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် – မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား (အဆုံတံတား)သို့ သွားရောက်ပြီး ချောင်းရေတိုက်စားပျက်စီးသွားသည့် တံတားချဉ်းကပ်လမ်းအား ယာယီဘေလီတံတားထိုး၍ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ယာဉ်များ သတ်မှတ်ချက်အတိုင်း စနစ်တကျ ဖြတ်သန်းသွားလာမှုနှင့် တံတားကြံ့ခိုင်မှုအခြေအနေတို့ကိုစစ်ဆေးရာ တာဝန်ရှိသူများက ကုန်တင်ယာဉ်ကြီးများ သွားလာနိုင်ရန် ယာယီဘေလီတံတား၏ တံတားသတ်မှတ် ခံနိုင်ဝန်အားကို စနစ်တကျ စစ်ဆေးတွက်ချက်ဆောင်ရွက်ထားရှိမှု၊ ရေစီးနှင့်အတူမျောပါလာသော သစ်ပင်ကြီးများ၊ သစ်မြစ်များ၊ သစ်လုံးကြီးများနှင့် ကျောက်တုံးကြီးများအား ဖယ်ရှားရှင်းလင်းထားရှိမှု၊ တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေလမ်းကြောင်းရှင်းလင်းဆောင်ရွက်ထားရှိမှုနှင့် ကင်းသာလမ်းဆုံ၌ ရေတိုက်စား၍ လမ်းသားပျက်စီးသွားသည့်နေရာများအား ပြန်လည်ပြင်ဆင်ခြင်း ဆောင်ရွက်နေသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါနဝင်းချောင်းတံတား၏ ချဉ်းကပ်လမ်းပျက်စီးသွားသောနေရာ၌ တန် ၄၀ ခံနိုင်ဝန်ရှိသော အရှည်ပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ သုံးလွှာတစ်ထပ် ဘေလီတံတားထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ခရီးသည်တင်မော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်သည့်မော်တော်ယာဉ်များကို တန် ၄၀ အထိ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆင်သေချောင်းတံတား (ပုပ္ပားကုန်း)သို့ သွားရောက်ပြီး အရှည်ပေ ၇၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ တစ်လွှာတစ်ထပ်၊ သံပေါင်ဘေလီတံတားထိုးခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လမ်းတာပေါင်ကြံ့ခိုင်မှုအခြေအနေများကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား (သိုက်ချောင်း)နေရာတွင် ယာဉ်သွားလာမှုပိုမိုအဆင်ပြေလွယ်ကူစေရေးအတွက် ယာယီပြင်ဆင်ပြီး၍ အသုံးပြုနေပြီဖြစ်သော အရှည်ပေ ၁၃၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားနှင့်အပြိုင် နောက်ထပ်ဘေလီတံတား တစ်စင်းထိုး၍ အသွားတစ်စင်း၊ အပြန်တစ်စင်းအသုံးပြုနိုင်ရေးဆောင်ရွက်နေသည့်အခြေအနေကို လည်းကောင်း၊ မွန်းတည့်ခွင်–ကျည်တောင်–ခေါမ–ညောင်ပင်သာလမ်းပေါ်ရှိ တံတားအမှတ်(၂/၂၀)၏ ရေတိုက်စား၍ ပျက်စီးသွားသည့်နေရာအား ယာယီဘေလီတံတားထိုးခြင်းဆောင်ရွက်နေသည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် လမ်း၊ တံတားများ ပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ အများပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေနေပြီဖြစ်ပြီး ကုန်စည်များလည်း အဆက်မပြတ် ပို့ဆောင်နိုင်ပြီဖြစ်ကြောင်းနှင့် ပြန်လည်ပြင်ဆင်ပြီးစီးခဲ့သည့် လမ်း၊ တံတားများ၏ကြံ့ခိုင်မှုအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နေ့ညမပြတ်အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယာယီပြုပြင်ပြီးတံတားများကို မူလအခြေအနေအတိုင်းဖြစ်စေရေး အခိုင်အမာတံတားများအဖြစ် ကြိုးစားပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ပျော်ဘွယ် ဘုရားငါးဆူလမ်းနှင့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံလမ်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပျော်ဘွယ် – ဘုရားငါးဆူလမ်းနှင့် မိတ္ထီလာ– တောင်ကြီး–ကျိုင်းတုံလမ်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ် – ဘုရားငါးဆူလမ်းပိုင်းဖြစ်သည့် မိုင်တိုင်အမှတ် (၁၀/၀)နှင့်(၁၀/၃)ကြားရှိ လမ်းတာပေါင် ရေတိုက်စားခြင်းကို ကျောက်ရောမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ မိုင်အတိုင်အမှတ် (၂၈/၄)နှင့် (၂၈/၅)ကြားရှိ မြေသားတာပေါင်ပဲ့ကျနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လမ်းပန်းဆက်သွယ်မှုပြတ်တောက်မှုမရှိစေရေး ပြုပြင်ဆောင်ရွက်ရန် ကျန်ရှိသော နေရာများတွင် စက်၊ ယာဉ်၊ ယန္တရားများကို စနစ်တကျစီမံခန့်ခွဲ၍ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် မိတ္ထီလာ – တောင်ကြီး လမ်းပိုင်းဖြစ်သည့် မိုင်တိုင်အမှတ် (၄၀/၀–၄၀/၃) ကတ္တရာလမ်းသား ပဲ့ကျနေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၄၅/၃– ၄၅/၄)ကြား ရေကျော်သဖြင့် လမ်းပေါ်တွင် တင်ကျန်နေသည့် ရွှံ့နုန်းမြေများ စက်၊ ယာဉ်၊ ယန္တရားများဖြင့် ဖယ်ရှားနေမှုနှင့် မိုင်တိုင်အမှတ်(၄၇/၁–၄၇/၃)ကြား မြစ်ဆုံကွေ့တွင် ရေတိုက်စားပြီး အကျယ် ၁၄ ပေ၊ အလျားပေ ၃၀၀၊ လမ်းတာပေါင်နှင့် ကတ္တရာလမ်းသားပဲ့ကျနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာ – တောင်ကြီး လမ်းပိုင်းဘေးရှိ ချောင်းအတွင်း ကျောက်နံရံစီမြေဖို့ပြီး ကျူးကျော်ထားခြင်းကြောင့် ချောင်းရေစီးကြောင်း ထိခိုက်နိုင်သဖြင့် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ပြီး ကျူးကျော်များကို ဖယ်ရှားရှင်းလင်းရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

**စနစ်တကျဆောင်ရွက်**

ယင်းနောက် ဒုတိယဝန်ကြီးသည် မိုင်တိုင်အမှတ် (၅၄/၄–၅၄/၅)ကြား အကျယ် ၁၂ ပေ၊ အလျားပေ ၆၀၀ လမ်းသားပဲ့ကျနေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၅၇/၆)တွင် ရေတိုက်စားသဖြင့် ဖြစ်ပေါ်ခဲ့သည့်ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၆၂/၂–၆၂/၃)ကြား မြေထိန်းနံရံ တည်ဆောက်ထားရှိမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၆၆/၀) တွင် ကျောက်ရောမြေဖို့၍ ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကလောမြို့အဝင် မိုင်တိုင်အမှတ် (၇၁/၁–၇၁/၃)ကြား နှစ်ထပ်လမ်းအောက်ဘက်အခြမ်း ပြင်ဆင်ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လမ်းပျက်စီးမှုနှင့် တောင်ပြိုမှုများကို အမြန်ဆုံးဖယ်ရှားရန်၊ လမ်းဘေးဝဲ၊ ယာ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျ ဆောင်ရွက်ထားရန်၊ လမ်းညွှန်အမှတ်အသားများကို သတ်မှတ်ထားသည့် အင်္ဂါရပ်များအတိုင်း စနစ်တကျဆောင်ရွက်ထားရှိရန်နှင့် လမ်းပြတ်တောက်မှုမရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့်သင်တန်းဖွင့်



**ပြည်**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က ပြည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကားပြောကြားပြီး ပြည်ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်က သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များကို ပြောကြားကာ ပြည်မြို့နယ်လဝကဦးစီးမှူး ဦးဇော်နိုင်သန်းက ဆောင်ရွက်သွားမည့်အစီအမံများ ရှင်းလင်းတင်ပြသည်။

**ကိုဆက်(ပြန်/ဆက်)**



**သာစည်**

သာစည်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမည့်အထောက်အပံ့ပစ္စည်းများကို သင်တန်းသားများထံပေးအပ်သည်။

**မြို့နယ် (ပြန်/ဆက်)**

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေ၊ မြစ်ရေများ မြင့်တက်ကာ မြို့နယ်အချို့ရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ရေများပြန်လည်ကျဆင်းသွားသည့် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှေညောင်မြို့နယ်နှင့် ကလောမြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၊ မန္တလေးတိုင်းဒေသကြီးနှင့် ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ တံတားဦးမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အပါအဝင် အခြားမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများတွင် လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ဝဲပုံ)**



ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်း၊ တပ်မတော် (ကြည်း၊ ရေ၊လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။**(ဝဲပုံ)**

ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပျက်စီးခဲ့သည့်လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သော မြို့နယ် ၅၆ မြို့နယ်တွင် ယနေ့နံနက် ၉ နာရီအထိ ရရှိသောစာရင်းများအရ လူနေအိမ် ၄၂၇၂ လုံး ထိခိုက်ပျက်စီးခဲ့ပြီး ၁၇၇၅၄၈ လုံး ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ ပြည်သူ ၂၆၈ ဦးသေဆုံး၊ ၈၈ ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ရေဘေးကယ်ဆယ်ရေးစခန်း စုစုပေါင်း ၄၅၇ ခု ဖွင့်လှစ်၍ အိမ်ထောင်စု ၄၃၆၀၉ စု၊ လူဦးရေ ၁၆၈၇၉၈ ဦးတို့ကို ကူညီကယ်ဆယ်ရေးနှင့် လိုအပ်သောထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရုံး/ဌာန အဆောက်အဦ အလုံး ၇၀၊ စာသင်ကျောင်း ၉၉၆ ကျောင်း၊ ဘာသာရေးအဆောက်အဦ ၃၁၅ လုံး၊ လမ်း/တံတားအချို့၊ လျှပ်စစ်မီးတိုင်နှင့် ဆက်သွယ်ရေးတိုင်များ ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ တိရစ္ဆာန်မျိုးစုံ စုစုပေါင်းကောင်ရေ ၁၀၈၃၈၆ ကောင်သေဆုံးခဲ့ပြီး စပါးနှင့် သီးနှံမျိုးစုံ စိုက်ဧက ၆၆၆၁၂ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရေးဆရာအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယဉ်ကျေးမှုသံရုံး၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) ဦးဆောင်သော မြန်မာစာရေးဆရာအဖွဲ့သည် စက်တင်ဘာ ၅ ရက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ စတင်ထွက်ခွာခဲ့ရာ ကွမ်တုံးပြည်နယ် ကွမ်ကျိုးမြို့၊ ကွမ့်လူမျိုး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယန်းရှိုမြို့၊ နမ်နင်းမြို့၊ ဟူပေပြည်နယ် ယီချန်းမြို့၊ ပေကျင်းမြို့များသို့ ရောက်ရှိခဲ့ကြသည်။

မြန်မာစာရေးဆရာ အဖွဲ့သည် ကွမ်တုံနိုင်ငံခြားဘာသာနှင့် ပြည်ပကုန်သွယ်ရေးတက္ကသိုလ်၊ နမ်နင်းမြို့ ကွမ်းရှီးတိုင်းရင်းသား လူမျိုးစုတက္ကသိုလ်၊ ပေကျင်းတက္ကသိုလ်တို့တွင် ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ စာပေရေးရာများ အပြန်အလှန်ဆွေးနွေးခြင်း၊ စာပေဟောပြောပွဲများ ပြုလုပ်ခြင်း၊ တရုတ်နိုင်ငံ စာရေးဆရာအသင်းနှင့် ပုံနှိပ်ထုတ်ဝေသူများအား တွေ့ဆုံပြီး နှစ်နိုင်ငံစာပေများ အပြန်အလှန်ဖလှယ်ရန် ဆွေးနွေးခြင်း၊ နမ်နင်းတက္ကသိုလ်ပြတိုက်၊ ပေကျင်းခေတ်ပေါ် အမျိုးသားပြတိုက်များသို့ သွားရောက်လေ့လာခြင်း၊ နှစ်နိုင်ငံ လူငယ်စာရေးဆရာများ ချစ်ကြည်ရင်းနှီးမှုမြင့်မားစေရေး အပြန်အလှန်စေလွှတ်ကြရန် ညှိနှိုင်းခြင်း၊ တရုတ်တိုင်းရင်းသား အချို့၏ ဓလေ့ထုံးစံများ၊ ရိုးရာကပွဲများ၊ မီးပုံပွဲများတွင် သွားရောက်ကြည့်ရှုလေ့လာကာ ပါဝင်ဆင်နွှဲခြင်း၊ ကမ္ဘာ့ထုထည် အကြီးဆုံးရေကာတာကြီးဖြစ်သည့် ယန်စီမြစ်ပေါ်ရှိ မြစ်ကျဉ်းသုံးသွယ် ရေကာတာကြီး၊တရုတ်ရှေးဟောင်းနန်းတော်ကြီးနှင့် မဟာတံတိုင်းကြီးတို့ကို သွားရောက်လေ့လာကြည့်ရှုခဲ့သည်။



ထို့နောက်မြန်မာစာရေးဆရာအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့မှ ပြန်လည်ထွက်ခွာလာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၈ နာရီတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယဉ်ကျေးမှုသံရုံးမှ သံမှူးကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည့်စုံ မသန်စွမ်းသူများ စက်မှုလက်မှုအထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်စည်းဝေး

**ရွှေပြည်သာ စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ပြည့်စုံမသန်စွမ်းသူများ စက်မှုလက်မှုအထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က အသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည့်စုံမသန်စွမ်းသူများ စက်မှုလက်မှုအထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးထင်အောင်ဇော်က ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကျော့ကေဟန်က သမဝါယမအသင်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊၂၀၂၃ - ၂၀၂၄ နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်း အစီရင်ခံစာများကို အမှုဆောင်များက ဖတ်ကြားပြီး အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးအေးမိုး(ပြန်/ဆက်)**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၁၈** – မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဖြူးမြို့တွင် ၁ ဒသမ ၉၀ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ လောမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၁၅ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ဝ၆ လက်မ၊ နေပြည်တော်(ဒက္ခိဏသီရိမြို့နယ်)တွင် ဝ ဒသမ ၉၈ လက်မ၊ တောင်တွင်းကြီးမြို့နှင့် ကမမောင်းမြို့တို့တွင် ဝ ဒသမ ၉၅ လက်မ စီ၊ ဂန့်ဂေါမြို့တွင် ဝ ဒသမ ၉၁ လမ်းနှင့် ပေါင်မြို့တွင် ဝ ဒသမ ၈၃ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် Ms.Noriko Takagi နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ဝန်ကြီးဌာနနှင့် UNDP–UNHCR တို့ သုံးပွင့်ဆိုင်နားလည်မှု စာချွန်လွှာ MoU မူဘောင်အရလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် MoU သက်တမ်း ထပ်မံတိုးမြှင့်နိုင်ရေး အခြေအနေ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ဝင်ခွင့် ဗီဇာကိစ္စရပ်များနှင့် ပြည်ပမှတင်သွင်းသည့် ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းဆောင်ရွက်ပေးမှု အခြေအနေ၊ ဒေသခံဝန်ထမ်းများ ခရီးသွားလာရေးနှင့် အခြေပြုနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP–UNHCR တို့အကြား ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

တောင်တရုတ်ပင်လယ် တွင် ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသော ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။




အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုမှ ငွေကျပ်သိန်း ၁၇၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ ငွေကျပ်သိန်း ၇၀၊ ဦးအောင်ဇော်မြင့်–အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ သီရိပျံ့ချီ ဒေါက်တာ မြတ်မြတ်အုန်းခင် ပြည်ထောင်စုဝန်ကြီး (ငြိမ်း) နှင့် သားသမီး၊ မြေးများက ငွေကျပ်သိန်း ၅၀၊ ဒေါက်တာဂျူးဂျူးဇော် (ခ) ခင်အိန္ဒြာဇော် (ခေတ္တ သြစတြေးလျ) က ငွေကျပ် ၁၁ သိန်း၊ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေ မိသားစု (ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်သိန်း ၃၀ နှင့် တိုင်းရင်းဆေးဝါးသေတ္တာ ခြောက်ပုံး၊ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက ငွေကျပ်သိန်း ၅၀၀၊ မြန်မာနွယ်ဖွားတရုတ်လူမှုကူညီရေး ပရဟိတအသင်း (နေပြည်တော်) က ငွေကျပ်သိန်း ၅၀၊ Tin Wai International Group Co.,Ltd. က ငွေကျပ်သိန်း ၃၀၊ မြန်မာကယန်းတောင်ပိုင်း ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀ သိန်း၊ Sky One Company က ငွေကျပ်သိန်း ၂၀၀၀ နှင့် Gandamar Business Solutations Co.,Ltd. ဝန်ထမ်းမိသားစုက ငွေကျပ် ၂၀၇၆၀၀၀၊ ဦးအိုက်ဆန်+ဒေါ်ဖုံစု မိသားစုက ငွေကျပ်သိန်း ၃၀၀၀၊ ဦးလင်းထူး–ဒေါ်နန်းသင်းစုငြိမ်း Golden HTT Co.,Ltd. မိသားစုက ငွေကျပ်သိန်း ၅၀ စုစုပေါင်းငွေကျပ် ၇၅၂၁၇၆၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အတူ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့် ဇနီး ဒေါ်မြမြစန်း မိသားစုက အေလာတိဏ္ဏ ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူ ၃၀၀ အတွက် နေ့လယ်စာ ထမင်းဘူး ၃၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ငါးလုပ်ငန်းဖက်ဒရယ်အေဂျင်စီတို့အကြား ငါးလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၁၈**

သတ္တမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ငါးလုပ်ငန်းဖိုရမ်နှင့် ရေထွက်ကုန်စည်ပြပွဲ (VII Global Fishery Forum & Seafood Expo Russia) သို့ တက်ရောက်ရန် စိန့်ပီတာစဘတ်မြို့၌ ရောက်ရှိနေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး



ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ငါးလုပ်ငန်းဖက်ဒရယ်အေဂျင်စီတို့အကြား ငါးလုပ်ငန်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ငါးလုပ်ငန်း ဖက်ဒရယ်အေဂျင်စီ (ကိုယ်စား) အကြီးအကဲ Mr. Ilya V. Shestakov တို့သည် သက်ရှိအဏ္ဏဝါ အရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းခြင်း၊ နှစ်ဖက်စိတ်ဝင်စားမှုရှိသည့် ငါးလုပ်ငန်းဆိုင်ရာ သတင်းနှင့် အချက်အလက်များ လဲလှယ်ခြင်း၊ ငါးလုပ်ငန်းကဏ္ဍအတွင်းရှိ ဆက်စပ်သူများကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် သင်တန်းများပေးခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံဖလှယ်ရန် ကျွမ်းကျင်သူများ စေလွှတ်ခြင်း၊ စီးပွားရေးကဏ္ဍ ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုမြှင့်တင်ခြင်းဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြပြီး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်တွင် စိန့်ပီတာစဘတ်မြို့၌ ကျင်းပဆောင်ရွက်ခဲ့သည့် (၅) ကြိမ်မြောက် နိုင်ငံတကာ ငါးလုပ်ငန်းဖိုရမ်နှင့် ငါးဖမ်းလုပ်ငန်း၊ ပင်လယ်စာနှင့် နည်းပညာဆိုင်ရာ ကုန်စည်ပြပွဲတွင် နှစ်ဖက် ဆွေးနွေးညှိနှိုင်းခဲ့မှုအရ လက်မှတ်ရေးထိုးခဲ့သည့် ပူးတွဲကြေညာချက်ကို ကိုးကား၍ သက်ရှိ အဏ္ဏဝါအရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်းနှင့် လျော်ကန်စွာသုံးစွဲနိုင်ရေးဆိုင်ရာ ကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန် ရည်ရွယ်၍ စာချုပ်ဝင် တစ်ဖက်ချင်းစီအတွက် အပြန်အလှန် အကျိုးအမြတ်ရရှိစေမည့် ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သတ္တမအကြိမ်မြောက် နိုင်ငံတကာ ငါးလုပ်ငန်းဖိုရမ်နှင့် ငါးဖမ်းလုပ်ငန်း၊ ပင်လယ်စာနှင့် နည်းပညာဆိုင်ရာ ကုန်စည်ပြပွဲတွင် ခင်းကျင်း ပြသထားမှုများကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မုတ္တမကွေ့၊ မွန် – တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန် – တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေ ခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# (၂၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (21st ASEAN Air Chiefs Conference - 21st AACC) သို့ ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈** ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၂၁) ကြိမ်မြောက် အာဆီယံ လေတပ်ဦးစီးချုပ်များ အစည်းအဝေး (21st ASEAN Air Chiefs Conference– 21st AACC) သို့ တက်ရောက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ Siem Reap မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယား လေတပ်ဦးစီးချုပ် General Soeung Samnang **(အောက်ပုံ)**၊ နေ့လယ်ပိုင်းတွင် ထိုင်းလေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် လာအိုလေတပ်ဦးစီးချုပ် (ကိုယ်စား) လာအိုလေတပ် နိုင်ငံရေးမှူး Brigadier General Bounma CHANTHAVONGSA တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံ လေတပ်များအကြား ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ လေ့ကျင့်ခန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နှစ်နိုင်ငံ လေတပ်များအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် အာဆီယံ လေတပ်ဦးစီးချုပ်များနှင့် ဇနီးများ ရောက်ရှိခြင်း အထိမ်းအမှတ် ကမ္ဘောဒီးယား လေတပ်ဦးစီးချုပ်နှင့် ဇနီးက တည်ခင်းဧည့်ခံသော Apsara ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။





ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် Siem Reap မြို့ရှိ Sokha Siem Reap Resorts & Convention Center ၌ ကျင်းပပြုလုပ်သော (၂၁) ကြိမ်မြောက် အာဆီယံ လေတပ်ဦးစီးချုပ်များ အစည်းအဝေး (21st ASEAN Air Chiefs Conference–21st AACC) သို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)** အာဆီယံလေတပ် ဦးစီးချုပ်များက “Enhancing Information Sharing and Cohesive Cooperation Among ASEAN Air Forces For Peace and Development” ခေါင်းစဉ်အား အသီးသီးဆွေးနွေးခဲ့ကြသည်။ ထို့နောက် အစည်းအဝေး သဘောတူ ဆုံးဖြတ်ချက်များ အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် ညပိုင်းတွင် ကမ္ဘောဒီးယား လေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံလေတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော် အရာရှိကြီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ (၂/၂၀၂၄) အစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈** မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ (၂/၂၀၂၄) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၅၁) အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီဝင်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ပထမ ငါးနှစ်စီမံချက် (၂၀၁၉–၂၀၂၃ ခုနှစ်) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားကော်မတီသို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီဝင် ဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်း ကော်မတီများအနေဖြင့် ဒေသခံအလုပ်လက်မဲ့ မိသားစုများအတွက် အခြေခံအသက်မွေးဝမ်းကျောင်း ပညာသင်တန်းများနှင့် အဆင့်မြင့်နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ကလေးအလုပ်သမားများ၏ မိသားစုများ ဝင်ငွေ တိုးပွားစေရန်အတွက် အခြေခံသက်မွေးပညာရပ်များနှင့် ဒေသထွက်ကုန် တန်ဖိုးမြှင့်နည်းပညာသင်တန်းများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီမှ ဩဂုတ်အထိ ၁၈၁၆ ကြိမ်ဖွင့်လှစ်၍ သင်တန်းသားများစွာကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သဖြင့် ၂၀၂၄–၂၀၂၈ ခုနှစ် ဒုတိယငါးနှစ် လုပ်ငန်းစီမံချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပျော်ဘွယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့်သင်တန်းဖွင့်

**ပျော်ဘွယ် စက်တင်ဘာ ၁၈**

ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က အ.ထ.က (၁) ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းနှင့် မူဝါဒများ ချမှတ်နိုင်ရန်အတွက် အရေးကြီးသောလူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ မြေပြင်ကွင်းဆင်းကောက်ယူရာတွင် ဖြစ်ပေါ်လာသည့် အခက်အခဲများကို မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီထံသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရန်လိုအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများ သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုရမည့်ဆက်စပ်ပစ္စည်းများကို မြို့နယ်သန်းခေါင်စာရင်းကော်မီတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။ အဆိုပါသင်တန်းကို စက်တင်ဘာ ၁၇ရက်မှ ၂၈ ရက်အထိ ၁၂ ရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူများဖြစ်သည့် ဆရာ ဆရာမ ၂၄၁ ဦးတက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး (ပျော်ဘွယ်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားကုန်သွယ်မှုကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းအား ရန်ကုန်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားကုန်သွယ်မှုကိုယ်စားလှယ်ရုံး၏ အကြီးအကဲ Mr. Vladimir Kazadaev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း မကြာမီက ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများအတွက် ရုရှားနိုင်ငံမှဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းမည့်ကိစ္စရပ်များ၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ Napalkov Cancer Center နှင့် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနတို့အကြား ကင်ဆာရောဂါဆေးကုသမှု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ရုရှားနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီများမှ စက်မှုဝန်ကြီးဌာန BPI ဆေးဝါးစက်ရုံနှင့်ပူးပေါင်း၍ ပြည်တွင်း၌ ဆေးနှင့် ဆေးပစ္စည်းများ ထုတ်လုပ်ရေးကိစ္စ၊ ရုရှားနိုင်ငံမှထုတ်လုပ်သည့် ရောဂါရှာဖွေရေးခတ်ခွဲစမ်းသပ်မှုပစ္စည်းများ (Rapid Diagnostic Test kit) စျေးနှုန်းချိုသာစွာဖြင့် ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ရေးကိစ္စ၊ ရုရှားနိုင်ငံမှ ထုတ်လုပ်သည့် ဆေးနှင့်ဆေး ပစ္စည်းများကို မြန်မာနိုင်ငံ FDA အသိအမှတ်ပြုမှတ်ပုံတင်ရရှိရေးကိစ္စနှင့် နှစ်နိုင်ငံ ဆေးကုသမှုလုပ်ငန်းများ ဆက်လက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



**တာဝန်ရှိသူများတက်ရောက်**

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားကုန်သွယ်မှု ကိုယ်စားလှယ်ရုံးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ရေဝင်ရောက်သည့် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အောင်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် မွန်းတည့်ခွင်-ကျည်တောင် – ခါမ – ညောင်ပင်သာ လမ်းပေါ်ရှိ တံတားအမှတ် ၂/၂၀ သံပေါင် ဘေလီတံတား တည်ဆောက်နေမှုကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် စျေးကုန်းကျေးရွာ အလယ်တန်းကျောင်းခွဲ၊ ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၊ ထိန်ပင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် နုန်းများ ဖယ်ရှားနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် ပင်လောင်းလမ်းနှင့် ရန်ကုန် – မန္တလေး ပြည်ထောင်စု လမ်းမကြီးတွင် ရေလွှမ်းမိုးမှုကြောင့် တင်ကျန်ခဲ့သော နုန်းမြေများဖယ်ရှားခြင်းနှင့် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားများနှင့် ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်းသိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မွန်းလွဲပိုင်းတွင် ရေကြီးရေလျှံမှုကြောင့် တပ်ကုန်းမြို့နယ် အမှတ်(၂)ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ညောင်ကိုင်းချောင်း ဘေလီတံတား ပေ ၃၀၀ ပျက်စီးခဲ့မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တပ်ကုန်းမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ၊ ကြွက်တောကျေးရွာ၊ နတ်စင်ကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာ များနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ကျေးရွာအတွင်း ရေဝင်ရောက်ခဲ့မှုနှင့် လယ်ယဲချောင်း ရေမြင့်တက်ခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အမြန်ဆုံး ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ကျောင်းအတွင်း နုန်းမြေများ ဖယ်ရှားရှင်းလင်းခြင်းနှင့် မြေနိမ့်ပိုင်းနေရာများကို မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မိုးအဆက်မပြတ်သွန်းမှုကြောင့် ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့် ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်ရှိ ရေထိန်းတမံနှင့် ရေလျှောင်ကန်များ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်များရှိ ရေထိန်းတမံနှင့် ရေလှောင်ကန်များ အခြေအနေကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ်ရှိ အလျားပေ ၃၁၉၀ ရှိပြီး ရေလှောင်ပမာဏ ၈၃ ဧကပေ သိုလှောင်နိုင်သည့် လဲဖြူရေထိန်းတမံသို့ ရောက်ရှိပြီး ရေဝင်ရောက်ခဲ့မှု၊ ရေစီးနှင့်အတူ မျောပါလာသည့် သစ်တုံးကြီးများ၊ အမှိုက်ဒိုက်များနှင့် သဲနုန်းများကြောင့် ရေထိန်းတမံထိခိုက်ခဲ့မှု၊ တမံထိပ်မှ ရေကျော်ကျခဲ့မှုနှင့် ရေပိုလွှဲမှ ရေကျော်ကျခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သစ်တုံးကြီးများ၊ အမှိုက်ဒိုက်များ ရှင်းလင်းခြင်းနှင့် သဲနုန်းပို့ချခဲ့ပြီး ရေတိုက်စား ပျက်စီးခဲ့သည့် တူးမြောင်းနေရာအချို့ ပြန်လည်ပြုပြင်သွားရန်နှင့် ဆည်ရေသောက်ဧရိယာအတွင်းရှိ ထိခိုက်ပျက်စီးမှု မရှိသည့် လယ်ယာမြေများကို အမြန်ဆုံးစိုက်ပျိုးရေ ပြန်လည်ပေးဝေနိုင်ရေး ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

လဲဖြူရေထိန်းတမံသည် တမံထိပ်မှ ရေကျော်ကျမှု ဖြစ်ပေါ်ခဲ့သော်လည်း တမံကိုယ်ထည်အပါအဝင် ရေပိုလွှဲနှင့် ရေထုတ်ပြွန် ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပျော်ဘွယ်မြို့နယ်ရှိ အလျားပေ ၁၄၅၀၀၊ အမြင့်ပေ ၂၀၊ ရေလှောင်ပမာဏ ၄၂၅၇ ဧကပေ၊ ရေပိုလွှဲအကျယ်ပေ ၂၀၀ ရှိသည့် ကျောက်ဆည်ကန်သို့ ရောက်ရှိပြီး ကန်ပေါင်ပေါ် ရေကျော်ကျမှုကြောင့် နေရာအချို့ ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် ပေ ၄၀ ခန့် ဆက်လက်ရေစီးဆင်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ရေလှောင်ကန်မှ မြေသားပေါင် ထိခိုက်ပျက်စီးမှုများကို အသေးစိတ် ကွင်းဆင်းတိုင်းတာပြီး စနစ်တကျပြန်လည်ပြုပြင် စီမံဆောင်ရွက်၍ ရေသိုလှောင်နိုင်ရေးနှင့် စိုက်ပျိုးရေ ပြန်လည်ပေးဝေနိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**



✳ *ကျောဖုံးမှ*

ဖေဖော်ဝါရီလက ဆောက်သမ်တန်အသင်းကို ကိုးဂိုးပြတ် နိုင်ပွဲရရှိပြီးနောက် ဂိုးအပြတ်ဆုံးနိုင်ပွဲတစ်ပွဲလည်း ဖြစ်ခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် မန်ယူအသင်းမှ ရက်ဖို့ဒ်၊ ဂါနာချို၊ အဲရစ်ဆင်တို့ အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုး နှစ်ဂိုးစီရယူနိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် အိုင်းယက်စ်အသင်းမှ ပြောင်းရွှေ့ကြေး ပေါင် ၈၂ သန်းဖြင့် ခေါ်ယူထားသော အန်တိုနီကလည်း ပယ်နယ်တီမှတစ်ဆင့် သွင်းဂိုးတစ်ဂိုး ရယူနိုင်ခဲ့သည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် ပေါင်သန်း ၅၀ ဒသမ ၅ သန်းဖြင့် ခေါ်ယူထားသော ကွင်းလယ်ကစားသမား အူဂါတေးကို ပထမဆုံးပွဲထွက်ကစားသမားအဖြစ် အသုံးပြုခဲ့သည်။ ပြိုင်ဘက်ဘန်စလေအသင်းသည် ပုံမှန် ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ပွဲချိန်တစ်လျှောက် မန်ယူအသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရသည်။

အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲ တတိယအဆင့်မှ အခြားသောပွဲစဉ်များတွင် ခရစ္စတယ်ပဲလေ့စ်၊ ပရက်စ်တန်၊ ဆောက်သမ်တန်၊ ဘရန့်ဖို့ဒ်၊ ရှက်ဖီး၊ စတုတ်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီးများ အစာအဆိပ်သင့်လူနာများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်



**နေပြည်တော် စက်တင်ဘာ ၁၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ကလေးရောဂါ အထူးကုဆေးရုံကြီး (နေပြည်တော်)၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) နှင့် ပြည်သူ့ဆေးရုံ(တပ်ကုန်းမြို့)များသို့သွားရောက်ကာ တပ်ကုန်းမြို့နယ် ကြက်သွန်ခင်းကျေးရွာအုပ်စု ချောင်းခြားကျေးရွာမှ အစာအဆိပ်သင့် ရောဂါလက္ခဏာများဖြစ်ပွား၍ အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား သွားရောက်ကြည့်ရှုအားပေး စကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ကလေးရောဂါ အထူးကုဆေးရုံကြီး (နေပြည်တော်) ရှိ ကလေးလူနာ ငါးဦး၏ ကျန်းမာရေးအခြေအနေကို လည်းကောင်း၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် – ၃၀၀) ဆေးကုသဆောင်ရှိ အစာအဆိပ်သင့်လူနာ လေးဦး၏ ကျန်းမာရေးအခြေအနေကို လည်းကောင်း သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ပြည်သူ့ဆေးရုံ တပ်ကုန်းမြို့သို့ တက်ရောက်ကုသခဲ့သော အတွင်းလူနာ ၅၆ ဦးအနက် ၃၅ ဦးမှာ ကျန်းမာရေးကောင်းမွန်၍ သက်သာလာသဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိခဲ့ပြီး ကျန်ရှိနေသော လူနာ ၂၁ ဦးကို ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး လူနာများအား သေချာစွာ စောင့်ကြပ်ကြည့်ရှုကုသရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား ရင်းရင်းနှီးနှီး လည့်လှည်ကြည့်ရှုပြီး (အပေါ်ယာပုံ) လတ်ဆတ်သော အစားအစာနှင့် ပူပူနွေးနွေး ချက်ပြုတ်ထားသော အစားအစာကိုသာ စားသုံးရန်၊ ရက်ကျော်နှင့် အချိန်ကျော် သိမ်းထားသော အစားအစာများကို စားသုံးခြင်း မပြုရန်၊ တစ်ကိုယ်ရေ သန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ မိမိတို့နေအိမ်ရှိသောက်ရေသုံးရေများကို ရေသန့်ဆေးပြား ထည့်ပြီးမှသာ အသုံးပြုရန်နှင့် နေအိမ်များသို့ ပြန်ရောက်သည့်အခါ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော နေအိမ်များသို့ ပြန်လည် သွားရောက်နေထိုင်ချိန်တွင် သတိပြုလိုက်နာဆောင်ရွက်ရန် အချက်များကို လိုက်နာဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဆားမလောက် စိုက်ပျိုးမွေးမြူရေးနှင့် သက်မွေးမှုအတတ်သင်စခန်းအားကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ဆားမလောက် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆားမလောက်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာအကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုလာရောက်တွေ့ဆုံနိုင်မှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှုအခြေအနေ၊ ကျန်းမာ ကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစား ဆောင်ရွက်ပေးမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ၊ မရှိ အခြေအနေနှင့် အကျဉ်းထောင် တာဝန်ရှိသူများက လည်းကောင်း၊ အကျဉ်းသားအချင်းချင်းလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည် တို့ကို မေးမြန်းမှတ်တမ်းတင်ခဲ့သည်။

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များနှင့် အတွင်း၊ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းခဲ့သည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြု ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ချောင်းခြားကျေးရွာတွင် အစာအဆိပ်သင့်မှုဖြစ်ပွား၊ လူနာများအား ဆေးရုံများတွင် ကြပ်မတ်ကုသပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ကြက်သွန်ခင်းကျေးရွာအုပ်စု ချောင်းခြားကျေးရွာတွင် စက်တင်ဘာ ၁၇ ရက် ညနေပိုင်းက ကျေးရွာသူ၊ ကျေးရွာသား၊ ကလေး၊ လူကြီးအချို့ အစာအဆိပ်သင့် လက္ခဏာများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ အဆိုပါကျေးရွာရှိ ရေဘေးသင့်ပြည်သူများသည် အလှူရှင်များ လာရောက်လှူဒါန်းသည့် ကြက်သားဒံပေါက်၊ ကြက်သားအာလူးဟင်း၊ ဘဲဥခရမ်းချဉ်သီးချက်များကို စားသုံးခဲ့ကြပြီး အစာအဆိပ်သင့် လက္ခဏာများဖြစ်ပေါ်ခဲ့ရာ နေပြည်တော် ကျန်းမာရေးဦးစီးဌာနနှင့် တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များက အဆိုပါကျေးရွာသို့ရောက်ရှိနေပြီး ကုသခြင်း၊ ဆေးရုံသို့ လွှဲပြောင်းခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ လူနာများအနက် တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀)တွင် ပြင်ပလူနာအဖြစ် ၅၀ နှင့် အတွင်းလူနာအဖြစ် ၅၆ ဦး၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) တွင် အတွင်းလူနာအဖြစ် လေးဦးနှင့် နေပြည်တော် ကလေးရောဂါ အထူးကုဆေးရုံတွင် အတွင်းလူနာအဖြစ် ငါးဦး တက်ရောက်ကုသမှုခံယူလျက်ရှိပြီး ရောဂါသက်သာကောင်းမွန်လျက်ရှိကြောင်းသိရှိရသည်။ ယနေ့ နေ့လယ်ပိုင်းတွင် တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀) တွင် ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် လူနာများမှ ရောဂါသက်သာကောင်းမွန်လာသူ လူနာများသည် ဆေးရုံဆင်းပြီး ၎င်းတို့နေအိမ် အသီးသီးသို့ ပြန်သွားကြပြီးဖြစ်သဖြင့် ဆေးရုံတက်ကုသဆဲ လူနာကိုးဦးသာကျန်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

သို့ပါ၍ သဘာဝဘေးဒဏ်ခံစားရသော ပြည်သူများအား အစားအသောက်များ လှူဒါန်းရာတွင် အလှူရှင်များအနေဖြင့် ပူပူနွေးနွေးပြင်ဆင်ထားသည့် သန့်ရှင်းသော အစားအသောက်များအား မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့် ပေးပို့လှူဒါန်းကြရန်နှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ယာယီစခန်းများတွင် လှူဒါန်းထားသော အစားအသောက်များကို ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့်သန့်ရှင်းမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ပေးနိုင်ရေး ကျန်းမာရေးဦးစီးဌာနမှ တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ပြည်သူအားလုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားသော လုပ်ငန်းစဉ်များတွင် မဖြစ်မနေအခြေခံ အသုံးပြုရမည့် ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် အကြောင်းအရာများရရှိရန်အတွက် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို လာမည့်အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်အထိ နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြိုင်တည်းကောက်ယူတော့မည်ဖြစ်ရာ အချိန်အားဖြင့် ရက်သတ္တတစ်ပတ်ကျော်မျှသာ လိုတော့သည်။**

ဇာနည်ဘွား



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေး ရပ်ကွက်၊ ကျေးရွာများ၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သက်ဆိုင်ရာမြို့ပေါ်ရပ်ကွက်များသို့ တစ်အိမ်တက်တစ်အိမ်ဆင်း ကွင်းဆင်းဆောင်ရွက်စဉ်။ (၂၄-၁-၂၀၂၄)

သန်းခေါင်စာရင်းက ရရှိလာသည့် အချက်အလက်များသည် နိုင်ငံအတွင်းရှိ လူဦးရေ စုစုပေါင်းကိုသာ ဖော်ပြရုံမဟုတ်ဘဲ အသက်အပိုင်းအခြားအလိုက်၊ ကျား မအလိုက် လူဦးရေများကို ရရှိနိုင်သလို လူမှုစီးပွားရေးဆိုင်ရာ ကဏ္ဍအားလုံးနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ အိမ်အကြောင်းအရာများကိုလည်း ရရှိနိုင်မည်ဖြစ်၍ နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

**လူဦးရေဆိုင်ရာကိန်းဂဏန်း အချက်အလက်များကို သန်းခေါင်စာရင်းမှသာ ရရှိနိုင်**

နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် မူဝါဒချမှတ်ခြင်းများ၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ခြင်းများ စသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအဖြစ် အသုံးပြုရမည့် လူဦးရေဆိုင်ရာကိန်းဂဏန်း အချက်အလက်များကို သန်းခေါင်စာရင်းမှသာ ရရှိနိုင်သည်။

သန်းခေါင်စာရင်းက ရရှိလာသည့်အချက်အလက်များသည် အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှု နယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်သည့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲနိုင်ရန်နှင့် အထောက်အထား အခြေပြုဆုံးဖြတ်ချက်များချမှတ်ရာတွင် မရှိမဖြစ် လိုအပ်သည်။ နိုင်ငံ၏ သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်းများ၊ ဘဏ္ဍာငွေခွဲဝေချမှတ်ခြင်းများ၊ နယ်မြေ ဧရိယာနယ်နိမိတ်များကို ပြန်လည်ဆန်းစစ်ခြင်းများကလည်း လူဦးရေပေါ်မှာပင် အခြေခံရ၍ ဖြစ်သည်။

ထို့အတူ သန်းခေါင်စာရင်းက နိုင်ငံ၏ ပကတိအခြေအနေ၊ နိုင်ငံအတွင်းနေထိုင်သူများ၏ ဒေသအလိုက်၊ အသက်အပိုင်းအခြားအလိုက်၊ မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေကိုသာ ရရှိနိုင်ရုံသာမက ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကိုခွဲခြားသိရှိနိုင်မည်ဖြစ်၍ နေရာဒေသအလိုက် လိုအပ်သည့် အစီအမံများ ချမှတ်ရန် အခြေခံအရင်းအမြစ်များကို ဖန်တီးပံ့ပိုးပေးနိုင်မည်ဖြစ်သလို လိုအပ်သည့် လုပ်သားအင်အားကိုလည်း ဖော်ထုတ်သိရှိနိုင်မည်ဖြစ်သည်။

**သန်းခေါင်စာရင်းကရရှိလာသည့် အချက်အလက်များကို လေ့လာဆန်းစစ်အသုံးပြုနိုင်မည်**

အလားတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သူများ ကယ်ဆယ်ရေး၊ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေး၊ မသန်စွမ်းထောက်ပံ့မှု အစီအစဉ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများအပြင် ပြင်ပစီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း ဈေးကွက်ရှာဖွေခြင်း၊ စားသုံးသူခန့်မှန်းခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သန်းခေါင်စာရင်းကရရှိလာသည့် အချက်အလက်များကို လေ့လာဆန်းစစ်အသုံးပြုနိုင်မည်ဖြစ်၍ နိုင်ငံတော်အတွက် များစွာအသုံးဝင်ရုံမက အရေးကြီးလှသည်။

ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံမက ငွေကုန်ကြေးကျ များပြားမှုရှိသည့်ကြားက ကမ္ဘာ့နိုင်ငံအများစုမှာ ၁၀ နှစ်လျှင်တစ်ကြိမ် ကောက်ယူလေ့ရှိသလို မှတ်ပုံတင်စာရင်းအင်းအချက်အလက်များ ပြည့်စုံသည့် ဖွံ့ဖြိုးပြီး နိုင်ငံများကလည်း သန်းခေါင်စာရင်းကို ပုံမှန်ကောက်ယူလေ့ရှိကြသည်။

မြန်မာနိုင်ငံတွင်လည်း ရှေးမြန်မာမင်းများလက်ထက်မှစ၍ လူဦးရေစစ်တမ်းအဖြစ် ကောက်ယူခဲ့ကြပြီး ကိုလိုနီခေတ်တွင် ဗြိတိသျှအစိုးရသည် တနင်္သာရီ၊ ရခိုင်နှင့် အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် ၁၈၇၂ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူခဲ့ကြသည်။ မြန်မာပြည်ကို ဗြိတိသျှအစိုးရ၏ ပထမဆုံးအကြိမ် စနစ်တကျ ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းဖြစ်သည်။

ထိုစဉ်က ဗြိတိသျှတို့သိမ်းပိုက်ထားရှိသည့် မြန်မာပြည်၏ တစ်စိတ်တစ်ဒေသကို အိန္ဒိယအစိုးရ၏ ဘင်္ဂလားပြည်နယ်တိုင်းကြီးတစ်ခုအဖြစ် မဟာဝန်ရှင်တော်မင်းကြီးက အုပ်ချုပ်လျက်ရှိသောကြောင့် သန်းခေါင်စာရင်းကိုလည်း အိန္ဒိယအစိုးရ၏ ညွှန်ကြားချက်ကို ခံယူ၍ကောက်ရသည့်အပြင် အစီရင်ခံစာကိုလည်း အိန္ဒိယအစိုးရထံတွင် တင်သွင်းရလေသည်။ ထိုစဉ်က ဗြိတိသျှအစိုးရအုပ်ချုပ်လျက်ရှိသည့် ရခိုင်၊ ပဲခူး၊ တနင်္သာရီတိုင်းများအတွင်းရှိ ခရိုင်အလိုက်ကောက်ယူရရှိသည့် လူဦးရေစာရင်းမှာ ၂၇၄၇၁၄၈ ဦးရှိကြောင်း မှတ်တမ်းများအရ သိရသည်။

**ဩဂုတ်လ ၁၅ ရက်နေ့ကို သန်းခေါင်စာရင်း ကောက်ယူရန်နေ့အဖြစ် သတ်မှတ်**

မူလက ထိုသန်းခေါင်စာရင်းကို ၁၈၇၁ ခုနှစ် နိုဝင်ဘာလတွင် ကောက်ယူရန် စီစဉ်ခဲ့သော်လည်း ကျေးရွာလူထုအိမ်မြဲတတ်သည့် ဇွန်နှင့် ဇူလိုင်လအတွင်း ကောက်ယူသင့်ကြောင်း ခရိုင်အရာရှိများ၏ တင်ပြချက်များအရ ၁၈၇၂ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ကို မြန်မာပြည် ဗြိတိသျှအုပ်ချုပ်ထားသော နယ်မြေအတွင်း သန်းခေါင်စာရင်းကောက်ယူရန်နေ့အဖြစ် သတ်မှတ်ခဲ့လေသည်။

စာရင်းကောက်ရာတွင် သာမန်အားဖြင့် အခွန်ဘက် ဆိုင်ရာဝန်ထမ်းများနှင့် ပုလိပ်ဘက်မှ ပုဂ္ဂိုလ်များကို အသုံးပြုသည်။ ပင်လယ်ဆိပ်ကမ်းများတွင် ရေကြောင်းဌာနမှဝန်ထမ်းများ၊ စစ်တပ်နယ်မြေများတွင် တပ်မှအရာရှိ အရာခံများနှင့် ထောင် အစရှိသည့် ထူးခြားသောနေရာများတွင် သက်ဆိုင်ရာဝန်ထမ်းများက ကူညီကြလေသည်။

သာမန်အားဖြင့် မြို့ပေါ်တွင် စာရင်းကောက်ယူရသည်မှာ အလွယ်ဆုံးဖြစ်သည်ဟု ဆိုသော်လည်း ရန်ကုန်မြို့တွင် ရည်မှန်းထားသလို ပြီးပြတ်မှုမရှိခဲ့ဟုဆိုသည်။ မြို့တော်ဆိုင်ရာ တရားသူကြီးက အချို့သောတန်းလျားများတွင် အလုပ်သမားများသည်တာဝန်ကျ ပုလိပ်အဖွဲ့က တံခါးဖွင့်၍ မီးခွက်များ ယူလာရန် အမိန့်ပေးသော်လည်း အမိန့်ကို မလိုက်နာဘဲ အိပ်ချင်ယောင်ဆောင်နေကြသည်ကို တွေ့နေရသောကြောင့်ဥပဒေအရဆောင်ရွက်နိုင်ရေးအတွက် အာဏာအပြည့်အဝ အပ်နှင်းရန်လိုကြောင်း အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

ထို့နောက် ၁၈၈၁ ခုနှစ်မှစတင်၍ ၁၀ နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်းများ ပုံမှန်ကောက်ယူခဲ့သည်။ ၁၈၉၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ ၁၀ နှစ်လျှင်တစ်ကြိမ်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများသည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို လွှမ်းခြုံအောင် ကောက်ယူနိုင်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်း လူအများသေဆုံးရခြင်း၏ အကြောင်းရင်းရောဂါများနှင့် နှစ်အလိုက်သေဆုံးသူများ၏ ဦးရေကို ၁၉၂၃ ခုနှစ်မှ ၁၉၂၇ ခုနှစ် ဖွားသေစာရင်းအဖြစ် စာရင်းကောက်ယူ၍ဖော်ပြခဲ့ရာ ဝမ်းရောဂါ၊ ကျောက်၊ ပလိပ်၊ အဖျား၊ ဝမ်းကိုက်၊ အသက်ရှူလမ်းကြောင်းနှင့် ပတ်သက်သောရောဂါများ၊ မိမိကိုယ်ကို သတ်သေခြင်း၊ ဒဏ်ရာရထိခိုက်၊ မြွေကိုက်၊ ခွေးရူးပြန်နှင့်အခြားဟူ၍ ရောဂါအလိုက်သေဆုံးဦးရေနှင့်တကွ စနစ်တကျ စာရင်းပြုစုဖော်ပြခဲ့သည်ကို မှတ်တမ်းများအရ သိရသည်။

**သန်းခေါင်စာရင်းကို လူဦးရေမှန်းဆ၍သာ တွက်ချက်ခဲ့ကြရ**

ထို့နောက်ပိုင်း ဒုတိယကမ္ဘာစစ်ကာလမှ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလအထိ သန်းခေါင်စာရင်းကို စနစ်တကျ မကောက်နိုင်ခဲ့၍ လူဦးရေကို မှန်းဆ၍သာ တွက်ချက်ခဲ့ကြရသည်။ ၁၉၅၃ ခုနှစ်က ကောက်ခံခဲ့သော သန်းခေါင်စာရင်းမှာလည်း နိုင်ငံ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်သာ ကောက်ယူစာရင်းပြုစုနိုင်ခဲ့ပြီး တော်လှန်ရေးကောင်စီခေတ်တွင်လည်း လူဦးရေနှင့် စီးပွားရေးစစ်တမ်းမျှသာ ကောက်ယူနိုင်ခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်တွင်မူ ၁၉၇၂ ခုနှစ်တွင် သန်းခေါင်စာရင်း ဥပဒေကိုပြဋ္ဌာန်း၍ ၁၉၇၃ ခုနှစ် ဧပြီလ ၅ ရက်နေ့အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင်ကောက်ခံခဲ့သော သန်းခေါင်စာရင်းမှာ အပြည့်အကောက် လူဦးရေသန်းခေါင်စာရင်းဖြစ်၍ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ကောက်ခံနိုင်ခဲ့သော အပြည့်ကောက် လူဦးရေသန်းခေါင်စာရင်းဖြစ်ခဲ့သည်။ ဆက်လက်၍ ၁၉၈၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းထပ်မံကောက်ယူနိုင်ခဲ့ပါသည်။ *စာမျက်နှာ ၁၇ သို့*

- **ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို တိတိကျကျ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်စုံစုံ ကောက်ယူနိုင်မှသာ ပြည်သူများအတွက် လိုအပ်သော လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော မဲစာရင်းတိကျမှန်ကန်စေရေး လုပ်ဆောင်ရာတွင်လည်း အသုံးပြုနိုင်မည်ဖြစ်**
- **သန်းခေါင်စာရင်းက နိုင်ငံ၏ ပကတိအခြေအနေ၊ နိုင်ငံအတွင်းနေထိုင်သူများ၏ ဒေသအလိုက်၊ အသက်အပိုင်းအခြားအလိုက်၊ မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေကိုသာ ရရှိနိုင်ရုံသာမက ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကိုခွဲခြားသိရှိ နိုင်မည်ဖြစ်၍ နေရာဒေသအလိုက် လိုအပ်သည့် အစီအမံများ ချမှတ်ရန် အခြေခံအရင်းအမြစ်များကို ဖန်တီးပံ့ပိုးပေးနိုင်မည်ဖြစ်သလို လိုအပ်သည့် လုပ်သားအင်အားကိုလည်း ဖော်ထုတ်သိရှိနိုင်မည်**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် စားသုံးဆီဖူလုံရေး ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရန် တောင်သူများနှင့်တွေ့ဆုံ

**မြစ်ကြီးနား စက်တင်ဘာ ၁၈**

ကချင်ပြည်နယ်အတွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများအား အသိပညာပေးစည်းရုံးရေးနှင့် ဈေးငွေတိုးမြှင့်ရရှိနိုင်ရေးအတွက် မိမိတို့ ပံ့ပိုးပေးရမည်ဖြစ်ကာ စိုက်ပျိုးရေးအပြင် ကုန်ထုတ်လုပ်မှုအားကောင်းစေရန် သမဝါယမအသင်းအဖွဲ့များ၊ ပုဂ္ဂလိကပိုင် အဆင့်မြင့်ဆီစက်များအထိ တည်ထောင်နိုင်ရေးအတွက်ပါ ကူညီကြိုးစားပေးကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆီစက်လုပ်ငန်းရှင်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ဆီကုန်သည်ကြီးများအသင်း၊ စိုက်ပျိုးရေးတောင်သူများနှင့် ကုန်စည်ဒိုင်အသင်းတို့မှ တာဝန်ရှိသူများက နှစ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်နေမှု အခြေအနေများ၊ ဒေသနှင့် ကိုက်ညီသည့် သီးနှံအခြေအနေများ စသည့် စိုက်ပျိုးရာတွင် ပံ့ပိုးကူညီပေးရမည့် အစီအစဉ်များ၊ ဆီစက်များ တိုးချဲ့တည်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်အတွင်း ရေဘေးသင့်နေရာများ ပြန်လည်တည်ထောင်ရေးဆောင်ရွက်နေမှု သွားရောက်ကြည့်ရှု

**တပ်ကုန်း စက်တင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရေဘေးသင့်ရပ်ကွက်၊ ကျေးရွာများမှ အိမ်ပြိုလဲနှင့် လူသေဆုံးအတွက် ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းက တပ်ကုန်းမြို့နယ်အတွင်း အိမ်ပြိုလဲ ၅၉ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ် တစ်သိန်း၊ ၁၆ မျိုးပါ ပစ္စည်းပုံးတစ်ပုံးနှင့် ရေဘေးသင့်ပြည်သူ ၆၇၇၃ ဦး အတွက် တစ်ဦးလျှင် ငွေကျပ် ၂၁၀၀၊ လူသေဆုံး ၃၃ ဦး အတွက် တစ်ဦးလျှင် ငွေကျပ် သုံးသိန်းတို့ကို နေပြည်တော်ကောင်စီဝင်က ထောက်ပံ့ပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ပြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်အောင်က ရေဘေးသင့်ရပ်ကွက်နှင့် ကျေးရွာများတွင် ရှိသော ကျွဲ၊ နွားများအတွက် ၅၀ ကီလိုဂရမ်ရှိသော အစာနုအိတ် ၅၀ ကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ကျွဲ၊ နွားပိုင်ရှင်များက လက်ခံယူခဲ့သည်။

ထို့နောက် အဆုံ (ဇီးကုန်း) ကျေးရွာအနီး ပြန်လည်တည်ထောင်ရေး လုပ်ငန်းများဆောင်ရွက်နေသည့် လျှပ်စစ်ဓာတ်အား ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တိုင်၊ ရွှေမြို့-သာစည်လိုင်း ပြန်လည် တည်ဆောက်ရေးလုပ်ငန်းခွင် **(အောက်ပုံ)**နှင့် ရေဘေးသင့် ရပ်ကွက်များ၊ ကျေးရွာများနှင့် စာသင်ကျောင်းအချို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**



*စာမျက်နှာ ၁၆ မှ*

### မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် အကောင်းဆုံးနှင့် အပြည့်စုံဆုံး သန်းခေါင်စာရင်းဖြစ်ခဲ့

၂၀၁၄ ခုနှစ် တတိယအကြိမ် ကောက်ယူနိုင်ခဲ့သည့် သန်းခေါင်စာရင်းမှာ ၁၉၈၃ ခုနှစ် ဒုတိယအကြိမ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့သည့်နောက်ပိုင်း နှစ်ပေါင်း ၃၀ ကြာမှ ကောက်ယူနိုင်ခဲ့ခြင်းဖြစ်သော်လည်း မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် အကောင်းဆုံးနှင့် အပြည့်စုံဆုံး သန်းခေါင်စာရင်းဖြစ်ခဲ့သည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေအမှတ်(၁၉) အား ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးခဲ့သည်။ ဥပဒေတွင် မြန်မာနိုင်ငံအစိုးရကိုယ်စား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံတော်၏ လူဦးရေ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစာရင်းများနှင့် စာရင်း/ အင်းဆိုင်ရာ အချက်အလက်များကို တိကျမှန်ကန်စွာ ရရှိရေးဆောင်ရွက်ရန် အာဏာအပ်နှင်းထားသည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကောက်ယူရန် တာဝန်ရှိကြောင်းကိုလည်း ဥပဒေတွင် ဖော်ပြပါရှိသည်။ ထို့အပြင် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် ဖြေဆိုသူများ၏ တစ်ဦးချင်း ကိုယ်ရေးအချက်အလက်များ မပေါက်ကြားစေရေးအတွက် ဖြေဆိုသူများအား အကာအကွယ်ပေးရန် ဥပဒေပုဒ်မများ ပါရှိသည်။

### ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြ

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းစဉ်တွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) နှင့် အလှူရှင်နိုင်ငံများ၏ အကူအညီနှင့် အကြံဉာဏ်များအပြင် အဆင့်ဆင့်သော တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးမှ သန်းခေါင်စာရင်းကော်မတီဝင်များ၊ သင်တန်းနည်းပြများ၊ စာရင်းစစ်၊ စာရင်းကောက်များအဖြစ် နိုင်ငံတစ်ဝန်းမှ ပညာရေးဝန်ထမ်းများ၊ သစ်တောဘက်ဆိုင်ရာ ဝန်ထမ်းများ၊ စေတနာရှင်၊ လုပ်အားရှင်များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အထူးသဖြင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်မှုကလည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းစဉ်တွင် များစွာအထောက်အပံ့ အကူအညီဖြစ်ခဲ့လေသည်။ ထို့ကြောင့်ပင် ထိုစဉ်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သန်းခေါင်စာရင်းထုတ်ပြန်ချက်အမှတ်(၁) ဥယျောဇဉ်တွင် "၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း၏ မေးခွန်းများအား လိုလားနှစ်ခြိုက်စွာ ဖြေဆိုခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော နိုင်ငံတစ်ဝန်းရှိ ပြည်သူပြည်သား တိုင်းရင်းသားညီအစ်ကိုများအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် နိုင်ငံတစ်ဝန်းရှိပြည်သူများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်မှုကြောင့်သာလျှင် သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့သည်ဟု အစဉ်ထာဝရ ယုံကြည်စွဲမှတ်ထားပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်"ဟု ရေးသားဖော်ပြခဲ့သည်။

### သန်းခေါင်စာရင်းသည် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရခေတ် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်အထိ ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေသည့် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို တိတိကျကျ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်စုံစုံ ကောက်ယူနိုင်မှသာ ပြည်သူများအတွက်လိုအပ်သော လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော မဲစာရင်း တိကျမှန်ကန်စေရေး လုပ်ဆောင်ရာတွင်လည်း အသုံးပြုနိုင်မည် ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း အထိမ်းအမှတ် ပြည်သူသို့ ပြောကြားသည့် ဗီဒီယိုမိန့်ခွန်းတွင် "သန်းခေါင်စာရင်းကရရှိတဲ့ ကိန်းဂဏန်းတွေဟာ ကျွန်တော်တို့ အစိုးရလက်ထက်သာမက နောင်အစိုးရအဆက်ဆက်အထိ လက်ဆင့်ကမ်း အမွေပေးရမယ့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေ ဖြစ်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာအရေးကြီးဆုံးကတော့ မေးခွန်းတွေကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဖြေဆိုပေးကြဖို့ လိုအပ်ပြီး မိမိတို့အတွက်၊ မိမိ မိသားစုအတွက်၊ မိမိ သားစဉ်မြေးဆက်အတွက်၊ နိုင်ငံတော်အတွက် အနည်းဆုံး ၁၀ နှစ်စာ စီမံဆောင်ရွက်နိုင်တဲ့ အခြေခံအချက်အလက်များရရှိစေနိုင်မယ့် အကျိုးရှိတဲ့ လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့အနာဂတ်၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ လိုအပ်ချက်တွေကို ပံ့ဖော်ပေးနိုင်ဖို့ အခုဆောင်ရွက်မယ့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကြီးမှာ မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြဖို့ ထပ်လောင်းအသိပေးလိုပါတယ်။

အိမ်ထောင်စုအဖွဲ့အစည်းတိုင်းအတွက် စာရင်းကောက်တွေက အိမ်တိုင်ရာရောက် လာရောက်မေးမြန်းမယ့် မေးခွန်းတိုင်းအပေါ်မှာ သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်များ ကင်းစွာနဲ့ နောင်အနာဂတ်မျိုးဆက်သစ်တွေ အကျိုးအတွက် အမှန်ကို အမှန်အတိုင်း အမှားအယွင်းမရှိအောင် ယုံယုံကြည်ကြည် ဖြေကြားကြဖို့ လိုအပ်ပါတယ်။ သန်းခေါင်စာရင်းအတွက် ထုတ်ပြန်ထားတဲ့ ၂၀၁၃ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကလည်း ပြည်သူတွေရဲ့ကိုယ်ရေးအချက်အလက်တွေကို လုံခြုံမှုအကာအကွယ်ပေးထားပြီးဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်" စသည်ဖြင့် အကျယ်တဝင့် ပြောကြားခဲ့ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဆိုရှယ်လစ်ဗီလာအဆောက်အဦ၌ ကျင်းပခဲ့သော ဆိုရှယ်လစ်ဗီလာစီမံကိန်းဟု လူသိများသည့် ပြန်လည်ထူထောင်ရေး (၂ နှစ်စီမံကိန်း)ကွန်ဖရင့်တွင် "ကျွန်တော်တို့ဟာ စာရင်းအင်းတွေကို အသိဉာဏ်ရှိရှိနဲ့ သုံးနိုင်ဖို့၊ သုံးတတ်ဖို့လိုပါတယ်။ အဲဒီတော့ ဒီလိုသုံးတတ်ဖို့ရာ ဘယ်စာရင်းအင်းတွေကို ဘယ်လိုလုပ်ပြီး ဘယ်လိုကြောင့် စုဆောင်းတင်ပြထားတယ်ဆိုတာကို သိဖို့လိုတယ်။ ပြီးတော့ ဒီစာရင်းအင်းတွေရဲ့ သဘောအဓိပ္ပာယ်ကို မှန်မှန်ကန်ကန်ကောက်တတ်ဖို့လိုတယ်" ဟူ၍ ထည့်သွင်းပြောကြားသွားခဲ့ပါသည်။

သို့ဖြစ်၍ နိုင်ငံတစ်ဝန်းရှိပြည်သူများအနေဖြင့်လည်း များမကြာမီ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြိုင်တည်း ကောက်ယူတော့မည့် ၁၀ နှစ်တစ်ကြိမ် ကောက်ယူရသည့် အိမ်အကြောင်းအရာနှင့် သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းစဉ်ကြီးတွင် **"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့"** ဆောင်ပုဒ်နှင့်အညီ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးများဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများအား ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay QR Code နံပါတ် 70157401001 သို့လည်းကောင်း၊ KBZ Pay QR ကို Scan ဖတ်၍လည်းကောင်း၊ CB Pay ၊ OK$ နှင့် AYA Pay များ၏ QR ကို Scan ဖတ်၍လည်းကောင်း၊ Wave Money ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂) နှင့် (၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း၊ Wave Money QR များကို Scan ဖတ်၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account Transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ငွေစာရင်းအမှတ် (0111284000000063)ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE/BIC - MFTBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - 0111284000000063 သို့ လှူဒါန်းနိုင်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE - MYEBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - EDN-600018 သို့လှူဒါန်းနိုင်ပါသည်။

၆။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅<br>၀၉-၄၂၀၇၄၀၁၆၀ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း၊ညွှန်ကြားရေးမှူး<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

၇။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ် (၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄ x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Great Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR EQ3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆို စုပေါင်းသွေးလှူဒါန်းပွဲနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မုံရွာ စက်တင်ဘာ ၁၈**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များစုပေါင်းကာ သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ ခုတင် (၅၀၀) ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက်အမှာစကားပြောကြားပြီး မုံရွာပြည်သူ့ဆေးရုံကြီးဝင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် စုပေါင်းသွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ သွေးလှူရှင် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။ **(အပေါ်ယာပုံ)**



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများက မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးတွင် လည်းကောင်း၊ နယ်မြေခံတပ်မတော်စစ်ဆေးရုံတွင် လည်းကောင်း စုပေါင်းသွေးလှူဒါန်းကြပြီး ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

# အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ယနေ့အစည်းအဝေးသည် အွန်လိုင်းမှ ရုပ်ရှင်များနှင့် ဗီဒီယိုဇာတ်ကားများကို တရားမဝင်ခိုးယူမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်တားဆီးရေးအဖွဲ့၏ စတုတ္ထအကြိမ်မြောက် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ တတိယအကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ခဲ့သည့် အချက်များအနက်မှ အင်တာနက်အသုံးပြုပြီး ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ထုတ်လွှင့်ပြသနေသည့် အွန်လိုင်းပလက်ဖောင်းများ တရားဝင်လိုင်စင်ပြုလုပ်ပေးနိုင်ရေး မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီး ရုပ်ရှင်ရုံတည်ထောင်ခြင်း၊ ရုပ်ရှင်ဆိုင်ရာ Application များဖြင့် ထုတ်လွှင့်ခြင်း၊ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီး ရုပ်ရှင်ဇာတ်ကားများကို ထုတ်လွှင့်ပြသခြင်း စသည့်လုပ်ငန်းများကိုစိစစ်ပြီး တရားဝင်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြုပြီး ထုတ်လွှင့်ပြသမည့် ရုပ်ရှင်ဇာတ်ကားများကို တင်ပြလာပါက စိစစ်ပေးနိုင်ရန် စိစစ်ရေးအဖွဲ့ကိုလည်း အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ရုပ်ရှင်နှင့် ဇာတ်ကားများ တရားမဝင်ခိုးယူဖြန့်ချိခြင်းများနှင့် စပ်လျဉ်း၍ တိုင်းကြားလာပါက အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်နိုင်ရန် Contact List အဖြစ် အဖွဲ့ဝင်များ၏ ဖုန်းနံပါတ်များကို Viber နှင့် Telegram တို့တွင် Group များဖွဲ့ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အွန်လိုင်းမှ ရုပ်ရှင်များနှင့် ဗီဒီယိုဇာတ်ကားများကို တရားမဝင်ခိုးယူပြီး ထုတ်လွှင့်နေမှုများကိုလည်း ပြည်သူများသိရှိနိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း။

ငွေကြေးအကုန်အကျခံကာ ထုတ်လုပ်ထားသည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ တရားမဝင် ခိုးယူဖြန့်ချိမှုပပျောက်ရန် ဝိုင်းဝန်းတိုက်ဖျက်သွားကြရမည်ဖြစ်ပြီး မည်သို့ကာကွယ်ဆောင်ရွက်ရမည်ကို ဆွေးနွေးကြစေလိုကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက်အရေးယူဆောင်ရွက်နိုင်ရန် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆက်သွယ်တိုင်ကြားနိုင်ရေးအဖွဲ့ခွဲ၊ စောင့်ကြည့်စိစစ်လေ့လာရေးအဖွဲ့ခွဲ၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေးအဖွဲ့ခွဲ၊ အရေးယူဆောင်ရွက်ရေးအဖွဲ့ခွဲနှင့် အသိပညာပေးရေးအဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ခိုးယူ ဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေး တင်ပြကြရာ အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**




## အိမ်မဲ၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်

**အိမ်မဲ စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့်နည်းပြ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်က အ.ထ.က (၂) ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုဦးက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းနှင့်မူဝါဒများချမှတ်ရန်အတွက် အရေးကြီးသော စီမံကိန်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမည့် Tablet နှင့် ဆက်စပ်ပစ္စည်းများ၊ သင်တန်းလမ်းညွှန်စာအုပ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား ပေးအပ်သည်။

အဆိုပါသင်တန်းကို အထူးနည်းပြသင်တန်း တိုင်းဒေသကြီး (ပုသိမ်) တွင် တက်ရောက်ခဲ့သော ဆရာတစ်ဦး၊ ခရိုင်နည်းပြသင်တန်းတွင် တက်ရောက်ခဲ့သည့် ဆရာ ဆရာမ ကိုးဦးတို့က သင်တန်းသားသင်တန်းသူ ၁၆၆ ဦးကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အိမ်မဲ (ပြန်/ဆက်)**

## ဥတုရာသီ၊ တောကိုမှီ၏

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ဝင်းကျော်၊ ကြည်ဝင်း၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ကျောက်ဆည်နှင့် မြစ်သားမြို့နယ်ရှိ ရေဘေးသင့်ဒေသများသို့ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းကုသဆောင်ရွက်ပေး

**ကျောက်ဆည် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် မန္တလာဆေးရုံ ဆေးကုသရေးအဖွဲ့တို့မှ ယနေ့နံနက် ၁၀ နာရီက ကျောက်ဆည်ခရိုင် အတွင်းရှိ ရေဘေးသင့် ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရေဘေးသင့်ခဲ့သည့် ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာအုပ်စုတွင် အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၅၅ ဦး စုစုပေါင်း ၈၀၊ မြစ်သားမြို့နယ် ခရုတုပ်ကျေးရွာ၊ အုတ်နဲ့ဘုတ်ကျေးရွာ၊ မြစ်ဆုံကြီးကျေးရွာများတွင် အမျိုးသား ၂၀၃ ဦး၊ အမျိုးသမီး ၂၉၃ ဦး စုစုပေါင်း ၄၉၆ ဦးတို့ကို ကွင်းဆင်းဆေးကုသခဲ့ကြောင်းနှင့် ကျောက်ဆည်ခရိုင်အတွင်း ရေဘေးသင့်ဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ခရိုင် (ပြန်/ဆက်)**

### ၁၈ - ၉ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၂၁၂ | ၁၈၆၅၆၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၂၁၈၉ | ၇၅၅၂၈၀၀ |
| MCB | ၈၀၀၀ | ၈၉၀၀ | ၈ | ၇၀၇၀၀ |
| FPB | ၁၈၀၀ | ၁၈၀၀ | ၂၂၈ | ၄၁၀၄၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၄၃ | ၄၀၀၄၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၅၇၄ | ၉၇၈၈၀၀ |
| AMATA | ၄၄၀၀ | ၄၄၀၀ | ၃၈၉ | ၁၇၁၁၆၀၀ |
| MAEX | ၃၄၀၀ | ၃၄၀၀ | ၁၉၉ | ၆၇၆၆၀၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၁၀၀ | ၃၆၅၀၀၀၀ |

## စမုံဆည်ကျိုး၍ ရွာပေါင်း ၂၀ ကျော် အပျက်အစီးများပြီး လူသောင်းနှင့်ချီ အကူအညီလိုအပ်နေကြောင်း မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ စမုံဆည်ကျိုးကျ၍ ဆည်အောက်ဘက်ရှိ ကျေးရွာပေါင်း ၂၀ ကျော်ရေဘေးသင့်ခဲ့ရပြီး ရေပြန်ကျချိန်တွင် အပျက်အစီးများသည့်အတွက် အကူအညီလိုအပ်နေသည်ဟု သတင်းအတု၊ သတင်းအမှားများ ရေးသားထုတ်ဝေလျက်ရှိကြောင်း သိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ယင်းကဲ့သို့ ဆည်ရေကျိုးဖောက်ခြင်း မရှိကြောင်း၊ ဆည်ရေများပြည့်လျှံ၍ ဖောက်ချရမည့် အခြေအနေဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့တင်ပြပြီး အသိပေးကြေညာချက် ထုတ်ပြန်ကာ ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပြီးမှသာ ပြုလုပ်ရကြောင်း၊ ထို့အပြင် ရေဘေးသင့်ပြည်သူများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက ရေဘေးသင့်နေရာများသို့ ကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းကို ၎င်းမြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက မီဒီယာကျင့်ဝတ်များကို ချိုးဖောက်၍ ပြည်သူလူထု စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန် လုပ်ကြံရေးသားထားသည့် သတင်းအမှားကို ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

> **ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများကို တပ်မတော်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ရှစ်လအရွယ် ကလေးငယ် တစ်ဦးအပါအဝင် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး ဘုရားကျောင်းနှင့် နေအိမ်များ ပျက်စီးခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများကို တပ်မတော်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ရှစ်လအရွယ် ကလေးငယ်တစ်ဦး အပါအဝင် ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး ဘုရားကျောင်းနှင့် နေအိမ်များ ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများမှ သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ ၎င်းဒေသများ၌ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နေစဉ် အကြမ်းဖက်သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒရုန်းများဖြင့် လာရောက်တိုက်ခိုက်ရာမှ ဗုံးသီးများသည် အရပ်သားပြည်သူများ နေထိုင်ရာ လူနေအိမ်များအပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကာ ပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရကြောင်း၊ ယခုအခါ ပြည်သူလူထုအနေဖြင့် အကြမ်းဖက်သမားများ၏ လူမဆန်သည့် လုပ်ရပ်များကို ရွံရှာမုန်းတီးနေပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများ၏ တစ်ဖက်သတ် စွပ်စွဲရေးသားချက်များနှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် သတင်းမှားများဖြင့် ဝါဒဖြန့်မှိုင်းတိုက်နေသည်ကို သိမြင်လာပြီဖြစ်ကြောင်း ဒေသခံပြည်သူများ၏ ဆက်သွယ် ပြောကြားလာချက်အရ သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၄၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁၅၀ နှင့် ကက်တမင်း ကီလို ၃၀ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၄၅ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၁၅၀ နှင့် ကက်တမင်းကီလို ၃၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် နားခေါကျေးရွာအနီးတွင် မိုင်းပျဉ်းမှ မိုင်းပုအွန်ဘက်သို့ စိုင်းဦးပေတမောင်းနှင်ပြီး မနန်းရှဲန်အွမ်နှင့် စိုင်းကော်တို့ လိုက်ပါလာသည့် TOYOTA SUCCEED မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၁၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၈ နာရီတွင် မိုင်းပျဉ်းမြို့နယ် ယမ်းမိုင်ကျေးရွာရှိ အိုက်ဝန်း၏ နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀ နှင့် ကက်တမင်း ကီလို ၃၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၄၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၁၅၀ နှင့် ကက်တမင်း ကီလို ၃၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို ကျိုင်းတုံမြို့နယ်မှ မိုင်းဖြတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ယင်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများနှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# နိုင်ငံတကာသတင်း

## ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၂၀ ကျော် သေဆုံး

**အချို့ဒေသများတွင် မြစ်ရေလျှံမှုများဖြစ်ပွားပြီး နေအိမ်များ ရေကြီးနစ်မြုပ်မှုဖြစ်ပွား၊ တံတားပြိုကျမှုများလည်းဖြစ်ပွားခဲ့**

**ဝါဆော စက်တင်ဘာ ၁၈**

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ဆိုးရွားသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ထို့ပြင် ယင်းဖြစ်ရပ်ကြောင့် လူပေါင်း ၂၀ ကျော် သေဆုံးမှု ဖြစ်ပွားကြောင်းလည်း သိရသည်။

လေဖိအားနည်း ရပ်ဝန်းကြောင့် ပြီးခဲ့သည့် သီတင်းပတ်က မိုးသည်းထန်စွာ ရွာသွန်းမှု စတင်ခဲ့သည်။ ဒေသတစ်ဝန်း ရေကြီးရေလျှံမှုများလည်း ဖြစ်ပွားခဲ့သည်။ အချို့ဒေသများတွင် မြစ်ရေလျှံမှုများ ဖြစ်ပွားပြီး နေအိမ်များ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားကြောင်း၊ တံတားများလည်း ပြိုကျမှုဖြစ်ပွားကြောင်း သိရသည်။



ရိုမေးနီးယားနိုင်ငံ ဒေသတစ်ခု၌ ရေကြီးရေလျှံမှု ဖြစ်ပွားစဉ်။

ပိုလန်နယ်စပ် အနီးတွင်ရှိသော ချက်ဖ်နိုင်ငံ အရှေ့ပိုင်း အော့စထရာဗာမြို့၌ တနင်္လာနေ့က ရိုက်ယူထားသော ရုပ်သံဖိုင်တစ်ခုတွင် ရွှံ့ရည်များဖြင့် ဖုံးလွှမ်းနေသည့် လူနေဒေသတစ်ခုကို တွေ့ရသည်။ ထို့ပြင် ရေဘေးသင့်နေသည့် ပြည်သူများကို ရဟတ်ယာဉ်ဖြင့် ကယ်ထုတ်နေသည်ကိုလည်း တွေ့ရသည်။

ရိုမေးနီးယား၊ ပိုလန်၊ ဩစတြီးယားနှင့် ချက်ဖ်နိုင်ငံတို့တွင် လူပေါင်း ၂၁ ဦးထက်မနည်း သေဆုံးကြောင်း သိရသည်။ ရေပြန်ကျသွားသော ရေဘေးသင့်ဒေသများတွင် လုပ်သားများသည် ရွှံ့ညွှန်များနှင့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းရန် လုပ်ဆောင်လျက်ရှိသည်။ ပျက်စီးဆုံးရှုံးမှုများကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရများက စီမံဆောင်ရွက်လျက်ရှိသည်။

ဒေသအများအပြားရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားနှင့် သောက်သုံးရေ ပြတ်တောက်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## လက်ဘနွန်၌ ပေဂျာစက်များ ပေါက်ကွဲမှုကြောင့် ကိုးဦးသေဆုံးပြီး ထောင်နှင့်ချီ ဒဏ်ရာရ

**ဘေရွတ် စက်တင်ဘာ ၁၈**

လက်ဘနွန်နိုင်ငံတစ်ဝန်း စက်တင်ဘာ ၁၇ ရက်က လက်ကိုင် ပေဂျာစက်များ ရာနှင့်ချီ၍ တစ်ချိန်တည်း ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်ရပ်ကြောင့် ကိုးဦးသေဆုံးပြီး ၂၇၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ဘေရွတ်မြို့ ဆင်ခြေဖုံးတစ်ခု၌ စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက ပေဂျာစက်များ ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ အဆိုပါနေရာမှာ ဟစ်ဇ်ဘိုလာများ အခိုင်အမာနေရာယူထားသည့်နေရာဖြစ်သည်။ ယခုဖြစ်ရပ်ကြောင့် ဟစ်ဇ်ဘိုလာ အဖွဲ့မှ နှစ်ဦးသေဆုံးခဲ့သည်ဟု အတည်ပြုထားသည်။

လက်ဘနွန်နိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး မို့ဂျ်တာဘာ အာမနီသည်လည်း ဒဏ်ရာရရှိခဲ့သည်။ အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ် အာရတ်ဂ်ချီက အစ္စရေးအပေါ် အပြစ်တင်ထားသည်။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ ပါဝင်ခဲ့ခြင်းမရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မတ်သရူးမိုင်လာက ပြောသည်။

အစ္စရေးထောက်လှမ်းရေးအေဂျင်စီက ဆဲလ်ဖုန်းများကို ခြေရာခံလိုက်မည်ကို စိုးရိမ်သည့်အတွက် ဟစ်ဇ်ဘိုလာအဖွဲ့ဝင်များသည် ဆဲလ်ဖုန်းများအစား ရေဒီယိုလှိုင်းသုံးသတင်းပို့ဆက်သွယ်ရေးကိရိယာငယ်ဖြစ်သည့် ပေဂျာစက်များကို ကိုင်ဆောင်ကြသည်။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အစ္စရေးဘက်မှ မည်သည့်မှတ်ချက်မျှ ပြောကြားခဲ့ခြင်းမရှိချေ။ **အင်န်အိတ်ချ်ကေ**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့၊ အထက(ခွဲ) ပိုးစာကုန်း Grade-12 မှ ဦးဝင်းလှိုင်၏သမီး မမြတ်နှင်းမိုး ၅/ဖပန(နိုင်)၁၁၃၅၄၁ ၏ အမည်မှန်မှာ မမြနှင်းမိုး ဖြစ်ကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ အထက(ခွဲ) အမှတ်(၁)ကျောင်း Grade-3(B)မှ မိုင်ရွှေရည်တင်၏ ဖခင်အမည်မှန်မှာ ဦးတင်ရွှေ ၇/ပခတ(နိုင်)၀၇၄၆၆၉ ဖြစ်ပါကြောင်း။

ဦးတင်ရွှေ




## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၉-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း ကြော်ငြာတွင် ဒေါ်မြင့်မြင့်ဦး အစား ဒေါ်မြင့်မြင့်မိုးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မိဘအမည်မှန်

ပုသိမ်မြို့၊ အမှတ်(၁) အထက Grade-7 တွင်ပညာသင်ကြားနေသော မခိုင်စုဇင်၏ မိဘအမည်မှန်မှာ ဦးခင်မောင်သိန်း ၁၄/ပသန(နိုင်)၂၅၉၉၂၁ နှင့် ဒေါ်ဝင်းကြည် ၁၄/ပသန(နိုင်) ၀၆၇၁၇၀ တို့ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊အထက(ခွဲ) အမှတ်(၁) ကျောင်း Grade-7(A)မှ မောင်ပြည့်စုံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်း ၇/ပခတ(နိုင်)၀၂၁၆၁၇ ဖြစ်ပါကြောင်း။

ဦးဝင်း

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ အထက(ခွဲ) အမှတ်(၁)ကျောင်း Grade-7(A) မှ မပြည့်စုံမိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်း ၇/ပခတ(နိုင်) ၀၂၁၆၁၇ ဖြစ်ပါကြောင်း။

ဦးဝင်း

## မွေးသက္ကရာဇ်အမှန်

ဇီးကုန်းမြို့နယ်၊ နွားတဲကုန်းကျေးရွာအုပ်စု၊ မြောက်လွတ်ကုန်းရွာနေ ဦးစန်းလွင်၊ ဒေါ်စန္ဒာလင်းတို့၏ သမီး မအေးချမ်းသူ ၇/ဇကန(နိုင်) ၀၇၈၅၃၁၏ မွေးသက္ကရာဇ်အမှန်မှာ (၂၆-၁၂-၂၀၀၅)ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အထက(၄) မိုးထိ Grade-5 မှ မောင်ဇေယျာနိုင်၏ ဖခင်ဦးထွန်းနိုင်၏ အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၈/တတက(နိုင်)၁၄၂၃၃၃ ဖြစ်ပါကြောင်း။

ဦးထွန်းထွန်းနိုင်

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် (သောကြာနေ့)ညတွင် ကျေးလက်ဆိုင်ရာ တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **" ချစ်သူတို့ရွာ "** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၀-၉-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
" ချစ်သူတို့ရွာ " တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | အညာမိသွားတဲ့အညာသား | ပြင်ပအဆိုရှင် |
| ၂။ | ကျွန်တော့်မွေးဌာနီ | ပြင်ပအဆိုရှင် |
| ၃။ | အစကကြိုးသိခဲ့ရင် | ဌာနအဆိုရှင် |
| ၄။ | ကမ်းရိပ်ညို | ပြင်ပအဆိုရှင် |
| ၅။ | ပျို့မောင်ဖုန်း | တူယှဉ်ဖွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၆။ | စာဥ | ပြင်ပအဆိုရှင် |
| ၇။ | မောင်လေးမမရွာအပြန် | တူယှဉ်ဖွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | တမ်းတသူလွမ်းရင်မော | ပြင်ပအဆိုရှင် |
| ၉။ | ဘွဲ့ရွှေ | တူယှဉ်ဖွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၁၀။ | ချစ်သူတို့ရွာ | ပြင်ပအဆိုရှင် |

# ကျွန်းရောင်းကျေးရွာ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာနှင့် ပစ္စည်းများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် ကျွန်းရောင်းကျေးရွာရှိ ရေဘေးသင့် အိမ်ထောင်စုများအတွက် ယနေ့နံနက်ပိုင်းက မြန်မာလူငယ် ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA)မှ ပုဆိုးထည် ၁၀၀၊ အင်္ကျီ ၁၅၀၊ သွားတိုက်တံ ၂၀၀၊ သွားတိုက်ဆေးဘူး ၁၃၀၊ အမွေးခဲဆပ်ပြာ ၁၃၀၊ ခေါင်းလျှော်ရည် ၆၀၀၊ ပေါင်မုန့် ၂၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၄၀၀၊ ရေသန့်ဘူး ၂၀၀၊ ဖယောင်းတိုင်ထုပ် ၂၆၀ နှင့် အမျိုးသမီး အသုံးအဆောင်များအား သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

## မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခမ်းပါတ်မြို့၊ ကနန်ကျေးရွာနေ မောင်ဗန်လာလ်ဇောဆွနှင့် မဇိုးနွန်သွားငီးတို့၏ ဖခင် ဦးလာလ်ရိုကိမ်းမာ၏ အမည်မှန်မှာ ဦးလားရိုကီးမာ ၅/ခပန(နိုင်)၀၀၁၀၆၂ နှင့် မိခင် ဒေါ်နိူးအီ၊ ဒေါ်နွမ်းခန့်ကျိုန်၏ အမည်မှန်မှာ ဒေါ်နွမ်းခေါလ်ကျိုန် ၅/ခပန(နိုင်) ၀၁၃၈၂၇ ဖြစ်ပါကြောင်း။



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ ဇောဓိကုန်း ဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းစေတီတော်မြတ် ရင်ပြင်တော်နှင့် ပရိဝုဏ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး မင်းအောင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စက်တင်ဘာ ၁၈ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

(၂၁၂)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/16893, Kenbo -110 ယာဉ်လက်ဝယ်ရှိသူ ဦးစောလှ ၉/မထလ(နိုင်)၀၇၆၂၃၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂)ကွင်း/အကွက်အမှတ်(၁၆/မီးကြာရိုးတောင်)၊ ဦးပိုင်အမှတ်(၄၁-ခ)၊ မြေဧရိယာ (၀.၀၃၆ ) ဧကရှိမြေကွက်အား မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဦးမြင့်ဖူးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့ မော်ကွန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မရွှန်းလဲ့ဝေကို ၏ဖခင်အမည်မှန်မှာ ဦးကိုကိုဝင်း ၇/အတန(နိုင်)၁၁၆၉၇၉ ဖြစ်ပါကြောင်း။

ဦးကိုကိုဝင်း

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ အထက(စေတုတ္တရာ)ကျောင်း Grade-12 မှ မခင်လင်းလက်ခိုင် ၈/စတရ(နိုင်)၀၄၉၅၃၅၏ ဖခင်အမည်မှန်မှာ ဦးကျော်မောင်မောင်ဆန်း ၈/ငဖန(နိုင်)၀၃၁၄၄၆ ဖြစ်ပါကြောင်း။ **ဦးကျော်မောင်မောင်ဆန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ မူလွန်-ကျောက်ခဲကွင်း၊ ဦးရာဘိန္ဒရ်ကီစိုးရ်(မူအုပ်) ၇/ဖမန(နိုင်)၁၀၄၁၆၃နှင့် ရာဘိန္ဒရ်ကီစိုးရ်၊ ရာဘိန္ဒရ်ကီးစိုးရ်၊ ဦးရာဘိန္ဒရ်ကီစိုးရ်(ခ)ဦးသိန်းကျော်တို့မှာ တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးရာဘိန္ဒရ်ကီစိုးရ်(ခ)ဦးသိန်းကျော်**
**(ခ)ရာဘိန္ဒရ်ကီစိုရ်(ခ)ရာဘိန္ဒရ်ကီးစိုးရ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၉-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဦးဆောင်ကျော် အစား ဦးအောင်ကျော် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

## ဖခင်အမည်မှန်

မကွေးမြို့၊ အောင်ပွဲစံ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်နေသော မဝေဝေထွန်း ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆန်း ၈/တတက (နိုင်) ၀၁၇၆၆၃ ဖြစ်ပါကြောင်း။

ဦးမောင်ဆန်း

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၁၇) Grade-1 မှ မောင်ညဏ်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးနေထက်ဦး ၁၂/လယန(နိုင်) ၀၂၂၉၈၄ မှာ ဖခင်အမည်မှန်ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/22227, Haven 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အုန်းတင်၁၄/ပသန (နိုင်) ၃၁၄၆၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က စံပြရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းလွင် အမှာစကား ပြောကြားစဉ်။ နေအောင်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် အောင်ချမ်းသာ(၂)၊ မြေကွက်အမှတ်(၃၁၄)၊ အလျား x အနံ (၄၀ x ၆၀)ပေ အကျယ်ရှိ ဗိုလ်မှူးဇော်ထွန်းအောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခင်ချစ်စု(ဘ)ဦးလှသန်းစိန် ၁၂/သလန(နိုင်) ၁၆၃၆၈၅ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထိုက်စုသက်(ဘ)ဦးဆန်းမောင် ၅/ကလတ(နိုင်) ၁၀၆၈၁၃က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L)(စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင်(LL.B)**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B)** **(စဉ်-၅၂၀၆၄)**
**(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/62086, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သူဇာနှင်း ၁၄/ရကန(နိုင်)၀၅၀၁၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်)



၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က အထက (၁) မင်္ဂလာတောင်ညွန့်၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်း အမှာစကားပြောကြားစဉ်။ (သင်တန်းကို သင်တန်းသားသင်တန်းသူ ၁၄၆ ဦးဖြင့် စက်တင်ဘာ ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။) ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## စာပေမြင့်မှ လူမျိုးတင့်မည်

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၈၈၊ မြေကွက်အမှတ်-၉၃၈/က၊ မြေကွက်တည်နေရာ အမှတ်(၉၃၈/က)၊ ငွေဇင်ယော်လမ်း၊ (၈၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဦးအောင်နိုင်ဝင်း (HGU-၁၃၁၃၉၀) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးအောင်နိုင်ဝင်း (HGU-၁၃၁၃၉၀) ၁၂/လကန(နိုင်)၀၃၄၀၄၈ထံ အရပ်ကတိ အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူသူ ဦးကျော်ကျော်လင်း ၁၂/ဒဂဆ(နိုင်)၀၀၈၃၇၅ မှ ဓာတ်ပုံမှတ်တမ်း၊ ရွှေ့ပြောင်းသူများ ရာဇဝင်အကျဉ်းချုပ်သာ ပါရှိပြီး မှတ်ပုံတင်စာရင်း ရေးသွင်းထားခြင်းမရှိသည့် ပါမစ်မပြည့်စုံနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၁၀-၆-၂၀၂၂ ရက်စွဲပါ ရုံးခွဲစာရင်း ဝင်ရောက်ရန် မလိုအပ်တော့ကြောင်း ပြန်ကြားစာသို့ တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ် RC အဆောက်အအုံ (၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်၍ ကုန်စုံဆိုင်ဖွင့်လှစ်ထားပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါ သဖြင့် ဦးကျော်ကျော်လင်းမှ ပါမစ်မပြည့်စုံတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁၈)လမ်း၊ အမှတ်(၇၁၀)နေ ဒေါ်မေသန္တာကျော် ၁၁/ကတန(နိုင်)၀၇၀၃၀၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၁)၊ မြေကွက်အမှတ်(၂၈၄)၊ အကျယ်အဝန်း အလျား(၄၀)ပေxအနံ(၆၀)ပေရှိ ဦးရဲမြင့်အမည်ပေါက် ပါမစ်အမျိုးအစား မြေနှင့်ယင်းမြေပေါ်တွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးအောင်၁၂/တမန(နိုင်)၀၃၀၀၄၂ ထံမှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
